# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ရက်၊ ၂၀၁၀ ခုနှစ်၊ ဇွန် ၉ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၄၇)


| နိုင်ငံရေး ဦးတည်ချက်(၄)ရပ် | စီးပွားရေး ဦးတည်ချက်(၄)ရပ် | လူမှုရေး ဦးတည်ချက်(၄)ရပ် |
|---|---|---|
| * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး<br>* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး<br>* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး<br>* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး | * စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး<br>* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး<br>* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး<br>* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး<br>* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး<br>* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး<br>* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |

# စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် သဘာဝပတ်ဝန်းကျင် မပျက်စီးရေး ဂရုပြုရန်လိုအပ် ဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှု သဟဇာတဖြစ်မှ ရေရှည်တည်တံ့နိုင်မည်




နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဟိုချီမင်းမြို့ **Inter Continental Asiana Saigon Hotel, Plenary Hall** ၌ ကျင်းပသည့် မဲခေါင်ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုနှင့် ဦးဆောင်မှုအခန်းကဏ္ဍဆိုင်ရာ ဆွေးနွေးပွဲတွင် ဆွေးနွေးပြောကြားစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဇွန် ၈**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ဇွန် ၆ရက် မွန်းလွဲ ၁နာရီက ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့ Inter Continental Asiana Saigon Hotel, Plenary Hall ၌ ကျင်းပသည့် ကမ္ဘာ့စီးပွားရေးဖိုရမ်အမှုဆောင်ဥက္ကဋ္ဌ Dr. Klaus Schwab က တည်ခင်းဧည့်ခံသော အလုပ်သဘော နေ့လယ်စာစားပွဲနှင့် မဲခေါင်ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုနှင့် ဦးဆောင်မှုအခန်းကဏ္ဍဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်သည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆန်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အပီဆစ်ဝဲ့ချာချီဝ၊ ကမ္ဘာ့စီးပွားရေးဖိုရမ်အမှုဆောင် ဥက္ကဋ္ဌ Dr. Klaus Schwab၊ ထိုင်းနိုင်ငံ ကုန်သွယ်ရေးကိုယ်စားလှယ်များ ဥက္ကဋ္ဌ Mr. Kiat Sittheemorn၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ National Committee of the Chinese People's Political Consultative Conference ဒုတိယဥက္ကဋ္ဌ Ms. Wang Zhizhen၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ

*စာမျက်နှာ ၃ ကော်လံ ၁* ✳

# နှစ်နိုင်ငံစီးပွားရေးနယ်ပယ် (၁၂)ခုကို ရွေးချယ်ကြိုးပမ်းဆောင်ရွက်လျက်ရှိ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်ရရှိလာအောင် ညှိနှိုင်းဆောင်ရွက်သွားမည်

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်**

# မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့မှာ ချစ်ကြည်ရင်းနှီးမှုရှိပြီးနိုင်ငံများဖြစ် မြန်မာနိုင်ငံတည်ငြိမ်အေးချမ်းမှု မြှင့်တင်ရေးနှင့် ပိုမိုဖွံ့ဖြိုးစေရေး ကူညီရန်အသင့်ရှိ

**ဗီယက်နမ်ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း**

**တွေ့ဆုံ ဆွေးနွေး**

**နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Mr. Nguyen Tan Dzung တို့ ဟိုချီမင်းမြို့ရှိ Inter Continental Asiana Saigon Hotel ၌ တွေ့ဆုံဆွေးနွေးကြစဉ်။**
(သတင်းစဉ်)

**နေပြည်တော် ဇွန် ၈**

ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဟိုချီမင်းမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Nguyen Tan Dzung အား ဇွန် ၆ရက် ညနေ ၄နာရီ ၄၅ မိနစ်တွင် ဟိုချီမင်းမြို့ Inter Continental Asiana Saigon Hotel ရှိ အခန်းအမှတ်(၂၀၁၀)သို့ သွားရောက်တွေ့ဆုံဆွေးနွေးသည်။

*စာမျက်နှာ ၆ ကော်လံ ၁* ❍



မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် ဇွန် ၉ ရက်)

# တရုတ်-မြန်မာ သံတမန်ဆက်ဆံရေး တည်ကြည်ခိုင်မြဲ နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဖော်ဆောင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ သံတမန်ဆက်သွယ်မှုသည် ဇွန်လ ၈ ရက်နေ့က နှစ်(၆၀)ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် သံတမန်ဆက်ဆံရေးထူထောင်ခဲ့သည့် နှစ်(၆၀)ကာလအတွင်း နှစ်နိုင်ငံတန်းတူရည်တူရှိမှု၊ အပြန်အလှန်လေးစားယုံကြည်မှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် စိတ်ရင်းစေတနာအရင်းခံဖြင့် ပူးပေါင်းဆောင်ရွက်မှုတို့ကိုအခြေခံ၍ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ဖော်ဆောင်နိုင်ခဲ့သည်။

နှစ်နိုင်ငံခေါင်းဆောင်များနှင့် ပြည်သူများ၏ ကြိုးပမ်းအားထုတ်မှုများကြောင့် နှစ်နိုင်ငံအကြား ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုများ ဆတက်ထမ်းပိုးမြှင့်တင်ဆောင်ရွက်နိုင်ခဲ့သည်။ မကြာမီကာလက နှစ်နိုင်ငံဆက်ဆံရေးမဟာဗျူဟာမြောက် ဆက်ဆံရေးအခြေအနေသို့ ရောက်ရှိခဲ့သည်။

နှစ်နိုင်ငံအကြား အစဉ်အဆက်ချစ်ကြည်ရင်းနှီးစွာဆက်ဆံနိုင်ခဲ့သည့်ဝန်းကျင်အခြေအနေကို တည်ဆောက်နိုင်ခြင်းသည် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား စိတ်တူ သဘောတူချမှတ်ခဲ့သည့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ချက်ကြောင့်ပင်ဖြစ်သည်။ နှစ်နိုင်ငံသည် နိုင်ငံတကာမျက်နှာစာနှင့် ဒေသတွင်းတို့၌လည်း အကျိုးတူပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

တရုတ်နှင့် မြန်မာနှစ်နိုင်ငံသည် ရေ၊ မြေ၊ တောတောင်ချင်းဆက်စပ်နေပြီး နှစ်နိုင်ငံပြည်သူများအကြား ဆက်ဆံမှုသည် သမိုင်းသက်တမ်း နှစ်ပေါင်းတစ်ထောင်ကျော်ရှိခဲ့ပြီ ဖြစ်သည်။

မြန်မာနိုင်ငံ၏ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် မြန်မာနိုင်ငံနှင့် ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးများကို ဆက်လက်ထိန်းသိမ်းထားရှိပြီး နှစ်နိုင်ငံအကြား စီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့သည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ စွမ်းအင်၊ ရေအားလျှပ်စစ်အခြေခံအဆောက်အအုံများ၊ စက်မှုနှင့်စိုက်ပျိုးရေး ကဏ္ဍများ၌လည်း ပူးပေါင်းဆောင်ရွက်ခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား တည်ရှိပြီးဖြစ်သည့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများသည် အနာဂတ်ကာလတွင် ဆတက်ထမ်းပိုး ပိုမိုတိုးတက်လာမည်ဖြစ်ပေရာ ချစ်ကြည်ရင်းနှီးမှုသည် အစွန့်ရှည်တည်တံ့နေမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။




## ဆုချီးမြှင့်

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး ဇွန် ၂ရက်က ကျင်းပသည့် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ဆေးလိပ်ကင်းစင်ရေး စံပြကျောင်းများအား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)



## သွေးလွန်တုပ်ကွေး ကာကွယ်နှိမ်နင်းရေး ပေါင်မြို့တွင် အသိပညာပေးဆွေးနွေး

ပေါင် ဇွန် ၈

မွန်ပြည်နယ် ပေါင်မြို့နယ် ကျန်းမာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော မြို့နယ်အဆင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး အသိပေးဆွေးနွေးပွဲ အခမ်းအနားကို မေ ၃၁ရက် နံနက် ၁၁နာရီက ပေါင်မြို့ ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဆွေးနွေးတင်ပြ**

အခမ်းအနားတွင် ပေါင်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမင်းသန့်ဇင်က သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းနှင့် ပတ်သက်၍ အသိပေးရှင်းလင်းတင်ပြပြီး ကျန်းမာရေးမှူး ဦးမြင့်စိုးက မြို့နယ်အတွင်း ဆောင်ရွက်မည့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး အသေးစိတ်စီမံချက်ကို ဆွေးနွေးတင်ပြသည်။ (အပေါ်ဝဲပုံ)

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ ပေါင်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်အေးအေးမော်နှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

(မြို့နယ် ပြန်/ဆက်)

## RMGCC ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၈

Royal Mingalardon Golf & Country Club မှ ကြီးမှူးစီစဉ်သော RMGCC လစဉ်အပျော်တမ်း ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယအကြိမ် ပြိုင်ပွဲကို ဇွန် ၂၇ရက် (တနင်္ဂနွေနေ့) တွင် ကျင်းပမည်ဖြစ်ရာ အပျော်တမ်းဂေါက်သီးရိုက်သမားများ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။ ပြိုင်ပွဲပုံစံမှာ ၁၈ ကျင်းအကျောပေး ပြိုင်ပွဲဖြစ်ပြီး ရှိုင်ရယ်မင်္ဂလာဒုံကွင်း၏ ဟင်းဒီးကတ်ဖြင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကာ ကွင်းဟင်းဒီးကတ်ရယူရန် အပျော်တမ်းကစားသမားများအနေဖြင့် ရှိုင်ရယ် မင်္ဂလာဒုံကွင်းတွင် အနည်းဆုံးသုံးကြိမ်ကစားပြီး မိမိရိုက်ချက်မှတ်တမ်းကြိုတင် တင်သွင်းရမည်ဖြစ်သည်။ အနိုင်ရရှိသူအား RMGCC Monthly Champion ဆုဖလားနှင့်ဆုပစ္စည်း ချီးမြှင့်မည်ဖြစ်ပြီး အခြားပြိုင်ပွဲဝင်ဆုများကိုလည်း ချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ပြိုင်ပွဲဝင်ဦးရေ ကန့်သတ်ထားပါသဖြင့် ဇွန်လဆန်းမှ စတင်၍ ဖုန်း-၀၁-၆၃၉၄၄၅၊ ၆၃၉၄၄၆၊ ၆၃၉၄၄၇ တို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား

၉-၆-၂၀၁၀

(ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၂၀ ၄။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၄:၅၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၀၅ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
- ၅:၁၅ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅:၂၅ ၉။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၅:၃၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၅၀ ၁၁။ မျှော်လင့်စောင့်စား ကမ္ဘာ့ဖလား **Mexico and Portugal**
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၄။ လျှပ်တစ်ပြက်
- ၆:၃၅ ၁၅။ Mail Box
- ၆:၄၅ ၁၆။ ကာတွန်းအစီအစဉ် **စွန့်စားသူတို့ပျော်စံရာ** (အပိုင်း-၁၉)
- ၇:၀၀ ၁၇။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ရင်နှစ်သည်းချာ** (အပိုင်း-၃၆)
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၉။ နိုင်ငံတကာသတင်း
- ၂၀။ မိုးလေဝသသတင်း
- ၂၁။ အမျိုးသားရေးတေးကဗျာ
- ၂၂။ ရယ်ရွှင်စရာဟာသပဒေသာ **မချော်သုံးယောက် ကိုယ်တစ်ယောက်** သူရလင်း၊ ဇော်၊ အုန်းသီး၊ ဗေဒါ၊ စိုပြေ၊ ရီရီပွင့်ဖြူ၊ ပွင့်၊ ကစ်ကစ်၊ ကြူကြူသင်း [ဒါရိုက်တာ -မောင်ပြည့်ဝ (ပန်းဝေသီ)]
- ၂၃။ အိုင်စီတီသုတ
- ၂၄။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၅။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း ကမ္ဘည်းတွင်မည့် **ချင်သူ့ရဲကောင်း** (အပိုင်း-၂၉)

## ယခုအပတ်ထုတ် ပြည်မြန်မာဂျာနယ် ဖြန့်ချိ

ရန်ကုန် ဇွန် ၈

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၇၂၀)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ ဖုန်း၊ အင်တာနက်နှင့် ရုပ်မြင်သံကြား ကြည့်နိုင်သည့် ဖုန်းလိုင်းတစ်သိန်း တစ်ပြည်လုံး၌ ချပေးမည်၊ တောင်းပန်ခြင်းဆိုသည့် ယဉ်ကျေးမှုအပေါ် အနုပညာရှင်များ၏အမြင်၊ ၂၅နှစ်တာ သက်တမ်းတစ်လျှောက် နာမည်ကြီးစူပါစင်တာတစ်ခု ဈေးဝယ်သူ၏ ပထမဆုံးအကြိမ် တိုင်ချက်ဖွင့်ခံရ၊ အမေရိကန်ဇိမ်ခံသင်္ဘောလိုင်းက မြန်မာသင်္ဘောသား ဟိုတယ်ဝန်ထမ်း ၅၀၀ကျော်ခေါ်မည်၊ ကြိုတင်ငွေပေးကတ်စနစ်သုံး ဒစ်ဂျစ်တယ်မီတာပုံး များ ပြည်တွင်း၌ ထုတ်လုပ်မည်၊ မုတ္တမကမ်းလွန်မှ ရန်ကုန်အထိ သဘာဝဓာတ်ငွေ့ပိုက် လိုင်းသွယ်တန်းမှု ရာနှုန်းပြည့်ပြီးစီး၊ မော်တော်ကားများကို ဆီလုံးဝမပါဘဲ ရေဓာတ်ငွေ့ သီးသန့်ဖြင့် မောင်းနိုင်တော့မည်၊ အင်းလေးကန်ရေပြင်အတွက် ငါးနှစ်စီမံကိန်းချ၍ ဆောင်ရွက်ရန် စီစဉ်၊ တစ်ကမ္ဘာလုံး၏ မြေငလျင် မြေပုံရေးဆွဲရေးတွင် မြန်မာပါဝင်မည်၊ အာဆီယံ-အိန္ဒိယ အကောက်ခွန်မဲ့ ကုန်သွယ်မှု စတင်တော့မည်၊ ပြည်တွင်းမှ GSM ဖုန်းကတ်များကို အရှေ့တောင်အာရှတွင် အသုံးပြုနိုင်ရန် စမ်းသပ်နေ၊ မီးအာမခံထားလျှင် မီးကြောင့်သာမက မီးငြိမ်းသတ်သည့်ရေကြောင့် ပျက်စီးပါကလည်း လျော်ကြေးရနိုင်၊ ကမ္ဘာ့ဖလားဘောလုံးပွဲ ကို အွန်လိုင်းမှ ပထမဆုံးအကြိမ် ခန့်မှန်းပြိုင်ပွဲကျင်းပမည်၊ ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲကြီး တွင် မြန်မာနေ့အခမ်းအနားကျင်းပ၊ ကွမ်းခြံကုန်းမြို့နယ် ဓားပြတိုက်မှုတွင် အိမ်တွင်းသို့ဝင်၍ လက်နက်ကိုင်ဓားပြများအား သံတုတ်ဖြင့်ရိုက်ခဲ့သည့် သတ္တိခဲနှင့်တွေ့ဆုံခြင်း၊ မုံရွာမြို့ ချင်းတွင်းရတနာဈေးကြီး မီးလောင်ပြီးနောက်…။

လိပ်ကျောကုန်းနှင့် ကလေးငယ်ကို အောင်မြင်စွာခွဲစိတ် ကုသပေးနိုင်ခဲ့၊ မိုးရွာပြီးနောက် သုံးထပ်တိုက်ကြီးတစ်ခုလုံး တွင်းကြီးထဲ ကျွံကျသွား၊ ကမ္ဘာ့ဝင်ငွေ အကောင်းဆုံး အဆိုတော် ၁၀ဦး၊ ဂျာမနီသမ္မတနှင့် ဂျပန်ဝန်ကြီးချုပ်တို့ ရုတ်တရက် နုတ်ထွက်ပြီးနောက်၊ အီရန်စစ်သားများ အီရတ်နိုင်ငံအတွင်းသို့ ကျူးကျော်ဝင်ရောက်၊ စနေဂြိုဟ်၏ လပေါ်တွင် သက်ရှိတို့၏ သဲလွန်စများတွေ့ရှိ၊ ကမ္ဘောဒီးယားမှ တာဇံ မိန်းကလေး တောအုပ်ထဲသို့ ပြန်လည်ထွက်ပြေး၊ ဂါဇာဒေသသို့ အကူအညီပေးပို့သည့် သင်္ဘောများကို အစ္စရေး ကွန်မန်ဒိုများက တိုက်ခိုက်ပြီးနောက်၊ ၂၀၁၀ကမ္ဘာ့ဖလား ဘောလုံးပွဲနှင့် ပတ်သက်၍ သင်မသိသေးသည့် အချက်များ၊ ဆွဲဆောင်မှုရှိလွန်းသဖြင့် အလုပ်မှထုတ်ခံခဲ့ရသူလေး၊ အာကာသယာဉ်မှူး ခြောက်ဦး၏ ကမ္ဘာမြေမှ ထွက်ခွာခြင်း မရှိသေးသည့် အင်္ဂါဂြိုဟ်ခရီးစတင်ပြီ၊ အမှိုက်များဖြင့် ဖန်တီးထားသည့် ဟိုတယ် ဖွင့်လှစ်….စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံအပြင် ရှစ်မျက်နှာတိုးမြှင့်၍ မေတ္တာလက်ဆောင် အချပ်ပိုများနှင့်အတူ ဈေးနှုန်းမတက်ဘဲ အပတ်စဉ်အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိသည်။ (သတင်းစဉ်)

*** ရှေ့ဖုံးမှ**

မြန်မာနိုင်ငံ သံအမတ်ကြီး ဦးခင်မောင်စိုးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကမ္ဘာ့စီးပွားရေးဖိုရမ်အမှုဆောင်ဥက္ကဋ္ဌ Dr. Klaus Schwab က တည်ခင်းဧည့်ခံသော ၂၀၁၀ ခုနှစ် အရှေ့အာရှကမ္ဘာ့စီးပွားရေးဖိုရမ် အလုပ်သဘောနေ့လယ်စာစားပွဲကိုကျင်းပရာ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ သက်ဆိုင်ရာနိုင်ငံများမှ အဖွဲ့အစည်းအကြီးအကဲများနှင့် ဖိတ်ကြားထားသူများ တက်ရောက်၍ နေ့လယ်စာအတူတကွ သုံးဆောင်ကြသည်။

ယင်းနောက် မဲခေါင်ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုနှင့် ဦးဆောင်မှုအခန်းကဏ္ဍဆိုင်ရာ ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ အခမ်းအနားမှူးအဖြစ် ကမ္ဘာ့စီးပွားရေးဖိုရမ် အာရှရေးရာဌာန ညွှန်ကြားရေးမှူး Mr. Sushant Palakurthi Rao က ဆောင်ရွက်သည်။

## ဆွေးနွေးပြောကြား

ရှေးဦးစွာ ကမ္ဘာ့စီးပွားရေးဖိုရမ်အမှုဆောင်ဥက္ကဋ္ဌ Dr. Klaus Schwab၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းနှင့် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာအပီဆစ်ဝဲ့ချာချီဝတို့က ဆွေးနွေးပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်က ဆွေးနွေးပြောကြားရာတွင် မဲခေါင်ဒေသခွဲ ဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝသယံဇာတအရင်းအမြစ်များ ထိန်းသိမ်းကာကွယ်ရေးတို့အကြား ဘက်ညီမျှတအောင် ဘယ်လိုလုပ်ဆောင်မလဲဆိုတဲ့ကိစ္စနှင့်ပတ်သက်၍ ပါဝင်ဆွေးနွေးလိုပါကြောင်း။

## အကောင်အထည်ဖော်

မဲခေါင်ဒေသတွင်းရှိ နိုင်ငံများသည် နိုင်ငံအချင်းချင်း ပိုမိုပေါင်းစည်းရေးနှင့် ဒေသအတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မဲခေါင်ဒေသခွဲ(ဂျီအမ်အက်စ်) စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ ဦးစားပေးလုပ်ငန်းကဏ္ဍ(၉)ရပ်ကို လုပ်ငန်းစီမံချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံအသီးသီးတွင် ကိုယ်ပိုင်စီမံကိန်းများ/အစီအစဉ်များကို သီးခြားချမှတ်လုပ်ဆောင်နေမှုများရှိသကဲ့သို့ ဒေသခွဲတစ်ခုလုံး၏ အကျိုးစီးပွားအတွက် ဒေသခွဲအဆင့် လုပ်ငန်းစီမံချက်များတွင် ပူးပေါင်းဆောင်ရွက်မှုများရှိပါကြောင်း၊ ဒေသခွဲအဆင့်လုပ်ငန်းစီမံချက်များကို သက်ဆိုင်ရာနိုင်ငံအသီးသီးတို့၏ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများတွင် ထည့်သွင်းအကောင်အထည်ဖော်ဆောင်ရွက်မှုများလည်း ရှိပါကြောင်း။

## သယံဇာတပေါကြွယ်ဝ

မဲခေါင်ဒေသသည် ရေ၊ မြေ၊ တော၊ တောင်၊ အင်းအိုင်များနှင့်အတူ သဘာဝသယံဇာတပေါကြွယ်ဝသည့် ဒေသကြီးဖြစ်ပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်သည့်အခါ Natural Resources များကို ထုတ်ယူအသုံးပြုမှုများရှိပါကြောင်း၊ အသုံးပြုသည့် သဘာဝသယံဇာတအရင်းအမြစ်များတွင် အသစ်ပြန်လည်ဖြစ်ထွန်းနိုင်သည့် (replenish) အရင်းအမြစ်များနှင့် ကုန်ခန်းသွားမည့် (depleted) အရင်းအမြစ်များဟူ၍ရှိကြောင်း။

သဘာဝအရင်းအမြစ်များကို ရှာဖွေထုတ်ယူသုံးစွဲကြရာတွင် အချို့မှာ ပြန်လည်ပြည့်ဖြိုးသည့်သဘောရှိသော်လည်း အချို့မှာသုံးစွဲမှုစနစ်တကျမရှိလျှင် တဖြည်းဖြည်းလျော့ပါးသွားမည်ဖြစ်ပါကြောင်း၊ သို့ပါ၍ သဘာဝပတ်ဝန်းကျင်နှင့်ဆီလျော်ညီညွတ်မည့် နည်းပညာများကိုအသုံးပြုခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် သဘာဝ အရင်းအမြစ်များရေရှည်တည်တံ့စွာအသုံးပြုရေးနှင့် အရည်အသွေးပြည့်ဝသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုတို့ကို တစ်ပြိုင်နက်တည်းဆောင်ရွက်သင့်ပါကြောင်း။

မဲခေါင်ဒေသခွဲနိုင်ငံများအနေနှင့် ဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှုကို သဟဇာတဖြစ်အောင်ဆောင်ရွက်နိုင်မှသာ ရေရှည်တည်တံ့မှုကိုထိန်းသိမ်းနိုင်မည်ဖြစ်ပါကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကြိုးပမ်းဆောင်ရွက်ကြရာတွင် သဘာဝပတ်ဝန်းကျင်မပျက်စီးရေးကို အလေးဂရုပြုကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။

## သတိပြုရန်လို

နိုင်ငံများသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် အကောင်အထည်ဖော်နေသည့် လုပ်ငန်းစီမံချက်များအနက် သဘာဝသယံဇာတအရင်းအမြစ်များကို အသုံးပြု၍ လုပ်ဆောင်နေသည့် လုပ်ငန်းများနှင့် သုံးစွဲမှုပမာဏမည်မျှရှိသည်ကို သတိပြုရန်လိုအပ်ကြောင်း။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်အတွက် ကုန်ခန်းသွားမည့်သဘာဝအရင်းအမြစ်များကိုအသုံးပြုခြင်းသည် အသစ်တစ်ဖန်ပြန်လည်၍မရရှိနိုင်တော့သဖြင့် နိုင်ငံများအနေနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရရှိရေးလုပ်ဆောင်ရာတွင်ရှိသည့် သယံဇာတပမာဏနှင့် ထုတ်ယူအသုံးပြုနိုင်သည့်အတိုင်းအတာတို့ကို ချိန်ဆချင့်ချိန်၍ဆောင်ရွက်ရန် လိုအပ်ကြောင်း။

အဆွေတော်တို့အားလုံးသိရှိပြီး ဖြစ်သည့်အတိုင်း မဲခေါင်ဒေသခွဲ နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည် သယံဇာတပေါကြွယ်ဝသည့်နိုင်ငံ ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်ဆောင်ရွက်မှုနှင့် သဘာဝသယံဇာတများ ထိန်းသိမ်းနိုင်မှုအခြေအနေတို့ကို အကျဉ်းချုပ်ရှင်းပြလိုပါကြောင်း။




**နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဟိုချီမင်းမြို့ Inter Continental Asiana Saigon Hotel, Plenary Hall ၌ ကျင်းပသည့် ကမ္ဘာ့စီးပွားရေးဖိုရမ်အမှုဆောင်ဥက္ကဋ္ဌ Dr. Klaus Schwab က တည်ခင်းဧည့်ခံသော အလုပ်သဘောနေ့လယ်စာစားပွဲသို့ တက်ရောက်စဉ်။** (သတင်းစဉ်)

## ရေရှည်တည်တံ့

မြန်မာ့စီးပွားရေးသည် လယ်ယာကို အဓိကအခြေခံနေသေးသည်ကို တွေ့မြင်နိုင်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍတို့ပါဝင်သည့် လယ်ယာကဏ္ဍကြီး၏ ရေရှည်တည်တံ့မှုကို ထိန်းသိမ်းထားပါကြောင်း။

လယ်ယာကဏ္ဍတွင် အသားတင်စိုက်ဧရိယာမှာ စိုက်ပျိုးနိုင်သည့် မြေဧရိယာ၏ ၆၇ ဒသမ၃ ရာခိုင်နှုန်းရှိသဖြင့် စိုက်ပျိုးမြေဧရိယာတိုးချဲ့ရန် အလားအလာများစွာ ကျန်ရှိနေပါကြောင်း၊ မြင်သာသည့် အနာဂတ်ကာလများတွင် လယ်ယာကဏ္ဍကြီးကို အခြေခံ၍ မြင့်မားသည့် ဖွံ့ဖြိုးတိုးတက်မှုနှုန်းရရှိအောင် ဆောင်ရွက်နိုင်သည့် အခြေအနေရှိပါကြောင်း၊ Horizontal Growth နှင့် Vertical Growth နှစ်မျိုးစလုံးကို တိုးချဲ့နိုင်ဦးမည်ဖြစ်ပါကြောင်း၊ လယ်ယာကဏ္ဍကြီးတွင် ရေရှည်တည်တံ့မှုရှိ၍ ပြုန်းတီးမှုမဖြစ်ဘဲ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ပါကြောင်း။

သားငါးကဏ္ဍတွင် လှေ့လာမှုပြုလုပ်၍ တစ်နှစ်လျှင် အများဆုံးဖမ်းနိုင်သည့် ငါးတန်ချိန်ကို သတ်မှတ်ထားပြီး ယင်းသတ်မှတ်ချက်အတွင်းသာ ဖမ်းဆီးစေပါကြောင်း၊ သားငါး၊ သယံဇာတရေရှည်တည်တံ့မှုရှိစေရေးအတွက် ထိန်းသိမ်းထားပါကြောင်း။

အလားတူ သစ်တောကဏ္ဍတွင်လည်း ရေရှည်တည်တံ့မှုရှိရေးအတွက် နှစ်စဉ်သတ်မှတ်ထားသည့် အရေအတွက်ကိုသာ ခုတ်လှဲခွင့်ပြုပါကြောင်း၊ နိုင်ငံတစ်ဝန်း စိမ်းလန်းစိုပြည်ရေးစီမံချက်များ၊ သစ်တောပြုစုပျိုးထောင်ရေး၊ ပြန်လည်ထိန်းသိမ်းရေးနှင့် စိုက်ပျိုးရေးအစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း။

## ထုတ်လုပ်မှုတန်ဖိုး

သဘာဝသယံဇာတပြုန်းတီးနိုင်သည့်ကဏ္ဍမှာ စက်မှုလက်မှုကဏ္ဍဖြစ်ပါကြောင်း၊ စက်မှုလက်မှုကဏ္ဍသည် တိုင်းပြည်စီးပွားရေး၏ ၁၇ ရာခိုင်နှုန်းကျော် ပါဝင်ပါကြောင်း၊ သတ္တု၊ ရေနံအစရှိသည့် ပြုန်းတီးနိုင်သည့် သယံဇာတကို အသုံးပြုသည့်လုပ်ငန်းများများစွာမရှိသေးပါကြောင်း၊ ပြုန်းတီးနိုင်မည့် သယံဇာတကို အခြေခံသည့် သတ္တု၊ ရေနံနှင့် အခြားသော စက်မှုလုပ်ငန်းများ၏ ထုတ်လုပ်မှုတန်ဖိုးမှာ စက်မှုလက်မှုကဏ္ဍ ထုတ်လုပ်မှုတန်ဖိုး၏ ၄ ဒသမ ၁ ရာခိုင်နှုန်းခန့်သာ ရှိပါကြောင်း။

လျှပ်စစ်ထုတ်လုပ်မှုကဏ္ဍတွင်လည်း ရေအားလျှပ်စစ်ထုတ်လုပ်မှုသည် အဓိကဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ပြုန်းတီးမှု မဖြစ်ပေါ်စေရန် သစ်တောများပြန်လည်ပြုစုပျိုးထောင်ခြင်း (Reforestation)၊ ရေဝေရေလဲဒေသထိန်းသိမ်းထားရှိခြင်း (Conservation of Water Shed)များ ဆောင်ရွက်လျက်ရှိကြောင်း။

## တိုးမြှင့်ဆောင်ရွက်

ထို့ကြောင့် မြန်မာနိုင်ငံသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို ကြိုးပမ်းဆောင်ရွက်ရာတွင် ပြုန်းတီးသွားနိုင်သည့် (Non Renewable Resources)ကို အသုံးပြုမှုနည်းပါးပြီး ပြန်လည်ဖြည့်ဆည်းနိုင်သည့် (Replenishable or Renewable Resources)ကိုသာ အခြေပြုလျက်ရှိပါကြောင်း၊ ထို့ကြောင့် မြင်သာသော အနာဂတ်တွင် Natural Resources ကုန်ခန်းမှုအတွက် စိုးရိမ်ဖွယ်မရှိပါကြောင်း၊ နောင်လာမည့် မြင်သာသော အနာဂတ်တွင် သဘာဝသယံဇာတ အခြေအနေများကို ပြုန်းတီးမှုမရှိအောင် ဆက်လက်ထိန်းသိမ်းထားရင်း တိုင်းပြည်၏ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ တစ်ဖက်တွင်လည်း သယံဇာတပြုန်းတီးမှု မပါဝင်သော ဝန်ဆောင်မှုကဏ္ဍကို နိုင်ငံစီးပွားဖွံ့ဖြိုးရေးအတွက် တိုးမြှင့်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆန်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်းတို့က ဆွေးနွေးပြောကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## မှတ်တမ်းတင်ဓာတ်ပုံရိုက်

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် အခမ်းအနားသို့ တက်ရောက်လာကြသော နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ သက်ဆိုင်ရာနိုင်ငံများမှ အဖွဲ့အစည်းအကြီးအကဲများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးသည်။ **(သတင်းစဉ်)**

# မစ္စတာ ဟိုဆေးကာလို့စ်ဒါဖွန်ဆေးကား ဂျူနီယာအား ဘရာဇီးလ်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီ

**နေပြည်တော် ဇွန် ၉**

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ဘရာဇီးလ်နိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ ဟိုဆေးကာလို့စ်ဒါဖွန်ဆေးကား ဂျူနီယာအား ခန့်အပ်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီး ဖြစ်သည်။

## တာဝန်ထမ်းဆောင်

မစ္စတာဟိုဆေးကာလို့စ် ဒါဖွန်ဆေးကား ဂျူနီယာသည် ၁၉၆၀ပြည့်နှစ် မတ် ၂ရက်တွင် မွေးဖွားခဲ့သူဖြစ်သည်။ ၎င်းသည် ၁၉၈၂ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံ သံတမန်ကျောင်းတော်မှ ဘွဲ့ရရှိခဲ့သည်။ ၎င်းသည် မာပူတိုနှင့် မနီလာတို့တွင် သံရုံးယာယီတာဝန်ခံအဖြစ်လည်းကောင်း၊ ဝါရှင်တန် ဒီစီတွင် ဒုတိယအတွင်းဝန်နှင့် ပထမအတွင်းဝန်အဖြစ်လည်းကောင်း၊ အာဗူဒါဘိုင်တွင် သံရုံးယာယီတာဝန်ခံအဖြစ်လည်းကောင်း၊ အော်တာဝါနှင့် ဝါရှင်တန်ဒီစီ(ဒုတိယအကြိမ်)တွင် ပထမအတွင်းဝန်အဖြစ်လည်းကောင်း အသီးသီးတာဝန် ထမ်းဆောင်ခဲ့သည်။ ထို့အပြင် ၎င်းသည် နိုင်ငံရေးနှင့် ပြည်သူ့အုပ်ချုပ်ရေးလုပ်ငန်းများတွင် အရေးပါသောတာဝန်များကို ထမ်းဆောင်ခဲ့သည်။ ၎င်းသည် အမျိုးသားဥပဒေပြုလွှတ်တော် ဒုတိယအကြီးအကဲများအဖွဲ့တွင် အက်စ်ပရီတို စန်တိုပြည်နယ်၏ ပြည်ထောင်စုကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ အက်စ်ပရီတို စန်တိုပြည်နယ် ဘဏ္ဍာရေးဝန်ကြီးအဖြစ်လည်းကောင်း၊ အက်စ်ပရီတို စန်တိုပြည်နယ်၏ ဘဏ်ကြီးကြပ်ရေး ဘုတ်အဖွဲ့နှင့် ပြည်နယ်ဖွံ့ဖြိုးရေး ဘဏ်ကြီးကြပ်ရေး ဘုတ်အဖွဲ့တို့တွင် ဥက္ကဋ္ဌ အဖြစ်လည်းကောင်း အသီးသီးတာဝန် ထမ်းဆောင်ခဲ့သည်။ လက်ရှိတွင် အိန္ဒိယနိုင်ငံရှိ ဘရာဇီးလ်နိုင်ငံသံရုံး၌ သံမှူးကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားသမီးနှစ်ဦးရှိသည်။ **(သတင်းစဉ်)**

# ဆန်စပါးအထူးပြုကုမ္ပဏီများ အလုပ်ရုံဆွေးနွေးပွဲကျင်းပမည်

**ရန်ကုန် ဇွန် ၈**

မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းက ကြီးမှူး၍ ဆန်အထူးပြုကုမ္ပဏီများ၏ ပထမအကြိမ်အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၁၂ရက်နှင့် ၁၃ရက်တို့တွင် နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ပထမထပ်ရှိ မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ဆန်စပါးအထူးပြုကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် ဆန်စပါးလုပ်ငန်းရှင်များတက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၉-၆-၂၀၁၀ (ဗုဒ္ဓဟူးနေ့ )**

**နံနက်ပိုင်း**

| | |
|---|---|
| ၅:၀၀ | MRTV-4အဖွင့် Logo၊ ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ် |
| ၅:၁၅ | MRTV-4 သတင်း |
| ၆:၀၀ | **အပယ်နှုတ်ခမ်း လွတ်လမ်းကိုရှာ** တရားတော် (ဆရာတော် ဘဒ္ဒန္တသောဘန) |
| ၆:၅၀ | ထူးခြားသောဘူမိအနေအထားနှင့် ဖူးမဝသောကျိုက်ထီးရိုးစေတီ |
| ၇:၀၀ | MRTV-4 သတင်း |
| ၇:၄၅ | MRTV-4 ကာတွန်းအစီအစဉ် |
| ၈:၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၁၁) |
| ၈:၃၀ | Sports World |
| ၈:၅၅ | Activities in the City -အထက(၄)တာမွေ မြတ်ဆရာပူဇော်ပွဲ -International School of Myanmarပန်းချီပြိုင်ပွဲ |
| ၉:၂၀ | အားကစားမြင်ကွင်းစုံ |
| ၁၀:၁၅ | Raffles Medical Group Raffles ဆေးရုံကြီးမှနှလုံးအထူးကုဆရာဝန်ကြီးနှင့်ဆွေးနွေးခြင်း (အပိုင်း-၂) |
| ၁၀:၄၀ | သာသနာ၏အထွတ် မှန်ကင်းရှင်ပြုခြင်း |
| ၁၀:၅၀ | Praram 9 Hospital (အပိုင်း-၃) |
| ၁၁:၁၅ | Industrial Talk |
| ၁၁:၄၅ | စုပေါင်းညီညာအောင်ကြောင်းဖြာ |
| ၁၂:၀၀ | ဓာတ်ပုံထဲမှ အမှတ်တရများ (Bambino) |
| ၁၂:၃၀ | လျှပ်စစ်လိုင်းများဖြတ်သန်း စီးဆင်းစေရာ (အပိုင်း-၁) |
| ၁၂:၅၀ | မြေလတ်ဒေသ၏လက်ဆောင် |
| ၁:၀၀ | **အပယ်နှုတ်ခမ်းလွတ်လမ်းကိုရှာ** တရားတော် (ဆရာတော် ဘဒ္ဒန္တသောဘန) |
| ၂:၀၀ | MRTV-4 သတင်း |
| ၂:၄၅ | စကားနပန်း (အချောင်ရတာကောင်းတယ်၊ အချောင်မရတာကောင်းတယ်) |
| ၃:၃၀ | **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်**(အပိုင်း-၁၁) |
| ၄:၁၅ | Activities in the City -အထက(၄)တာမွေ မြတ်ဆရာပူဇော်ပွဲ -International School of Myanmar ပန်းချီပြိုင်ပွဲ |
| ၄:၄၅ | သာသနာ၏အထွတ် မှန်ကင်းရှင်ပြုခြင်း |
| ၄:၅၅ | လှမ်းခဲ့ပါဆွေ မနောမြေ |
| ၅:၀၅ | ရန်ကုန်မြင်ကွင်းကျယ် (Lucky Bird Group of Companies ၏ 2010နှစ်လယ်ကံစမ်းမဲဖွင့်ပွဲနှင့် TOSHIBA မိတ္တူကူးစက်ပစ္စည်းသစ်မိတ်ဆက်ပွဲ) |
| ၅:၂၀ | စုပေါင်းညီညာအောင်ကြောင်းဖြာ |
| ၅:၃၅ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၆:၀၀ | MRTV-4 သတင်း |
| ၆:၂၀ | ဓာတ်ပုံထဲမှ အမှတ်တရများ (Bambino) |
| ၆:၄၅ | Praram 9 Hospital (အပိုင်း-၃) |
| ၇:၁၅ | ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ရှယ်လီထွား) |
| ၈:၀၀ | MRTV-4 သတင်း |
| ၈:၃၀ | စကားနပန်း (အချောင်ရတာကောင်းတယ်၊ အချောင်မရတာကောင်းတယ်) |
| ၉:၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၁၁) |
| ၁၀:၀၀ | Raffles Medical Group Raffles ဆေးရုံကြီးမှနှလုံးအထူးကုဆရာဝန်ကြီးနှင့်ဆွေးနွေးခြင်း (အပိုင်း-၂) |
| ၁၀:၂၅ | ဗီဒီယိုပြခန်း |
| ၁၀:၄၀ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၁၁:၀၅ | ရန်ကုန်မြင်ကွင်းကျယ် (Lucky Bird Group of Companies ၏ 2010 နှစ်လယ်ကံစမ်းမဲဖွင့်ပွဲနှင့် TOSHIBA မိတ္တူကူးစက်ပစ္စည်းသစ်မိတ်ဆက်ပွဲ) |
| ၁၁:၁၅ | Industrial Talk |
| ၁၁:၄၀ | Say it in English |
| ၁၁:၅၅ | ကဏ္ဍစုံလင်အားကစားအစီအစဉ် |
| ၁:၀၀ | အစီအစဉ်ပြီး၏။ |

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

# အစ္စရေးရေတပ်တိုက်ခိုက်မှု စုံစမ်းစစ်ဆေးရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် တိုက်တွန်း

ဝါရှင်တန် ဇွန် ၈

**ဂါဇာကမ်းမြောင်သို့ ဦးတည်သွား အကူအညီပေးသင်္ဘောအုပ်စုကို အစ္စရေးရေတပ်က တိုက်ခိုက်မှုအပေါ် ကမ္ဘာတစ်ဝန်းရှိပြည်သူများ ဒေါသထွက်နေစဉ် အဆိုပါဖြစ်ရပ်အား စုံစမ်းစစ်ဆေးရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းက တိုက်တွန်းလိုက်သည်။**



ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဘန်ကီမွန်း

**တိုက်တွန်း**

ပါလက်စတိုင်းလိုလားသည့် တက်ကြွလှုပ်ရှားသူများအား တိုက်ခိုက်မှုအပေါ်စုံစမ်းစစ်ဆေးရန်အတွက် နယူးဇီလန်ဝန်ကြီးချုပ်ဟောင်း ဂျော့ဖရီပမ်မားခေါင်းဆောင်သည့် ကော်မတီတစ်ရပ်ဖွဲ့စည်းရန် ဘန်ကီမွန်းက တိုက်တွန်းပြောကြားလိုက်သည်။

စုံစမ်းစစ်ဆေးရေးအဖွဲ့တွင် အစ္စရေးနှင့်တူရကီမှ တာဝန်ရှိပုဂ္ဂိုလ်တို့သည် ပမ်မားနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်သည်။ ယင်းအဆိုကို အစ္စရေးသို့ လွှဲပြောင်းပေးလိုက်သည်။ သို့ရာတွင် အစ္စရေးတာဝန်ရှိပုဂ္ဂိုလ်များထံမှ တုံ့ပြန်မှုမရရှိသေးပေ။ **(အင်တာနက်)**

# မူးယစ်မှောင်ခို ၁၂၅ဦး ဆော်ဒီရဲတပ်ဖွဲ့ လက်ရဖမ်းဆီး

ရီယာ့ဒ် ဇွန် ၈

ဆော်ဒီအာရေဗျနိုင်ငံ အနှံ့အပြား၌ ပြီးခဲ့သည့်နှစ်လအတွင်းက ဆင်နွှဲခဲ့သည့် မူးယစ်ဆေးဝါးနှိမ်နင်းမှု စစ်ဆင်ရေးများအတွင်း မူးယစ်မှောင်ခိုမှုနှင့် ပတ်သက်ဆက်နွှယ်သူ ၁၂၅ ဦးကို ဆော်ဒီရဲတပ်ဖွဲ့က ဖမ်းဆီးရမိခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ဇွန်၆ရက်၌ ထုတ်ဖော်ပြောကြားသည်။

**ပါဝင်**

ဖမ်းဆီးရမိသူများတွင် ဆော်ဒီနိုင်ငံသား ၇၆ ဦး၊ ယီမင် ၁၆ ဦး၊ ပါကစ္စတန် ကိုးဦး၊ ဆီးရီးယားလေးဦး၊ အီရတ်လေးဦး၊ ဆူဒန်သုံးဦး၊ အီဂျစ်သုံးဦး၊ တူရကီသုံးဦး၊ အိုမန်နှစ်ဦးနှင့် ကူဝိတ်၊ ဆိုမာလီ၊ အီရီထရီးယား၊ အီသီယိုးပီးယားနှင့် ဘီနင်နိုင်ငံသားတစ်ဦးစီတို့ ပါဝင်သည်ဟုဆိုသည်။

**ဒဏ်ရာရရှိ**

အဆိုပါစစ်ဆင်ရေးအတွင်း စိတ်ကြွဆေးပြား ၆ ဒသမ၈ မီလီယံ၊ ဆေးခြောက် ၆ ဒသမ ၅ တန်နှင့် ချက်လုပ်ပြီး ဘိန်းဖြူ ၂ ဒသမ ၄ ကီလိုဂရမ်ကိုလည်း သိမ်းဆည်းရမိခဲ့သည်။ အဆိုပါဖမ်းဆီးနှိမ်နင်းမှုအတွင်း ရဲတပ်ဖွဲ့ဝင်တစ်ဦးနှင့် မသင်္ကာသူ တရားခံခြောက်ဦး ဒဏ်ရာရရှိခဲ့သည်ဟု ဆိုသည်။

တရားခံများအနေဖြင့် ပြစ်မှုထင်ရှားပါက သေဒဏ် ချမှတ်ခံရဖွယ်ရှိကြောင်း သတင်းတွင်ဖော်ပြသည်။

**အမ်အင်န်အေ၊ ဆင်ဟွာ**

# အမေရိကန် ကလပ်စတာဗုံးခွဲမှု ယီမင်၌ ၅၅ဦးသေဆုံး

*ဆာနာ ဇွန် ၈*

*ယီမင်နိုင်ငံ၌ အမေရိကန် ကလပ်စတာဗုံးတွဲများကို ဒုံးပျံဖြင့်ပစ်ခတ်မှုကြောင့် ၅၅ ဦးသေဆုံးကြောင်း၊ သေဆုံးသူအများစုမှာ အရပ်သားများဖြစ်သည်ဟု ဇွန်၆ရက်တွင် နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့(အေအိုင်)က ပြောကြားသည်။*

***ပစ်မှတ်ထား***

*အမေရိကန်အစိုးရအနေဖြင့် ယီမင်ရှိ စစ်သွေးကြွများအား အားသွန်တိုက်ခိုက်နှိမ်နင်းနေစဉ် ယင်းတိုက်ခိုက်မှုသည် အာဘယန်ပြည်နယ်ရှိ အယ်လ်မာရာဂျာလာ အုပ်စုကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းဖြစ်သည်ဟုဆိုသည်။*

***သတင်းထုတ်ပြန်***

*ဖေဖော်ဝါရီလက ဖြစ်ပွားသည့် တိုက်ခိုက်မှုအတွင်း စစ်သွေးကြွ ၁၄ ဦးအပြင် ဒေသခံ ၄၁ ဦးသေဆုံးခဲ့ရာ အမျိုးသမီး ၁၄ ဦး၊ ကလေးငယ် ၂၁ ဦးပါဝင်သည်ဟု ယီမင်ပါလီမန်ကော်မတီက သတင်းထုတ်ပြန်သည်။*

***သတိပေး***

*စစ်သွေးကြွများအား ဖမ်းဆီးထိန်းချုပ်ရန် မကြိုးပမ်းဘဲ ဤကဲ့သို့ တိုက်ခိုက်နေခြင်းသည် တရားမျှတမှုကင်းမဲ့ရာကျကြောင်း အေအိုင်အဖွဲ့ အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိကဌာန ဒုတိယညွှန်ကြားရေးမှူး ဖီးလစ်လူသာက သတိပေးပြောကြားသည်။* ***(အင်တာနက်)***




**ပါရာဂွေးအလှမယ်**

**တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ရှိ ပဒေသာကပွဲအတွင်း ပါရာဂွေးနိုင်ငံမှ အလှမယ်တစ်ဦး တင်ဆက်ကပြနေဟန်ကို ဇွန်၇ရက်က တွေ့ရစဉ်။**

(ဆင်ဟွာဓာတ်ပုံ)

# ဂျပန်အာကာသယာဉ် သြစတြေးလျ၌ ဆင်းသက်ရန်စီစဉ်

ကင်ဘာရာ ဇွန် ၈

လူလိုက်ပါခြင်းမရှိသည့် ဂျပန်အာကာသယာဉ်သည် သြစတြေးလျတောင်ပိုင်းတွင် ရက်သတ္တပတ်အတွင်း ဆင်းသက်ဖွယ်ရှိကြောင်း သြစတြေးလျမီဒီယာက ဇွန်၆ရက်၌ ဖော်ပြသည်။ အဆိုပါ အာကာသယာဉ်သည် ဂြိုဟ်သိမ်ဂြိုဟ်မွှားမှ ပစ္စည်းတစ်ခုကို ကမ္ဘာမြေသို့ သယ်ဆောင်လာသည့် ပထမဆုံးသောယာဉ်ဖြစ်သည်။

**ဆင်းသက်ဖွယ်**

ဟေယာဘူဆာ အာကာသယာဉ်သည် အာကာသအတွင်း ရောက်ရှိနေသည်မှာ ခုနစ်နှစ်ကြာပြီဖြစ်သည်။ ယင်းအာကာသယာဉ်သည် သြစတြေးလျနိုင်ငံတောင်ပိုင်း ဝူးမာရာဒေသ၌ လာမည့် ဇွန်၁၃ရက်ည ၁၁နာရီခွဲတွင် ဆင်းသက်ဖွယ်ရှိသည်။

ကူဘာဗီဒီနှင့် ဂလန်ဒင်ဘိုဒေသအတွင်းရှိ စတူးဝပ် အဝေးပြေးလမ်းမကြီး၏ အရှည်ကီလိုမီတာ၆ဝကို နှစ်နာရီခန့် ပိတ်ထားဖွယ်ရှိသည်ဟု ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက သြစတြေးလျသတင်းဌာနသို့ ပြောကြားသည်။ **(အင်တာနက်)**

# အီရန်-တူရကီနှင့် ပါကစ္စတန်သုံးနိုင်ငံ ကုန်တင်ရထားပြေးဆွဲမည်

အစ္စတန်ဘူလ် ဇွန် ၈

**အီရန်၊ တူရကီနှင့် ပါကစ္စတန် အစိုးရတို့အနေဖြင့် သုံးနိုင်ငံအကြား ကုန်တင်ရထားပြေးဆွဲမှုကို လာမည့်သြဂုတ်လအတွင်း စတင်အကောင်အထည်ဖော်ရန် စီစဉ်လျက်ရှိကြောင်း အင်တာနက်သတင်း၌ ဇွန်၆ရက်က ဖော်ပြသည်။**

သုံးနိုင်ငံ ကုန်တင်ရထားလမ်းကို ၂၀၁၀ခုနှစ် သြဂုတ်၁ရက်၌ ဖွင့်လှစ်မည်ဖြစ်ပြီး ပထမဆုံး ကုန်တင်ရထားကို အစ္စတန်ဘူလ်မြို့မှ အစ္စလမ္မာဘတ်မြို့သို့ ဦးတည် မောင်းနှင်စေမည် ဖြစ်သည်ဟု ပါကစ္စတန်ရထားဝန်ကြီး ဟာဂျီဂိုလမ်အာမက်ဘီလာက တရားဝင်ကြေညာသည်။

**စတင်ပြေးဆွဲ**

ယင်းသို့ ကနဦးခရီးစဉ် စတင်ပြေးဆွဲပြီးနောက် သုံးနိုင်ငံအကြား ကုန်တင်ရထားပြေးဆွဲမှုကို ပုံမှန်ဆောင်ရွက်သွားမည်ဖြစ်သည်ဟု ၎င်းက ပြောကြားသည်။

**တိုးချဲ့**

ပါကစ္စတန်အစိုးရအနေဖြင့် အီရန်နှင့် တူရကီနိုင်ငံတို့နှင့် ရထားဆက်သွယ်ရေးလုပ်ငန်းတွင် တိုးချဲ့သွားရန် စိတ်ဝင်စားကြောင်း ဂိုလမ်အာမက်ဘီလာက ထပ်လောင်းပြောကြားသည်။ **(အင်တာနက်)**

# အင်ဒိုနီးရှား၌ ကြိုးတံတားပြတ်ကျ

ဘန်ဒါအာချေး ဇွန် ၈

အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ်၌ ဇွန်၇ရက်က ကြိုးတံတားပြတ်ကျမှုဖြစ်ပွားရာ ကလေးငယ်ခုနစ်ဦး သေဆုံးပြီး ငါးဦး ပျောက်ဆုံးကာ ဒါဇင်နှင့်ချီ၍ ဒဏ်ရာရရှိကြောင်း ပြည်နယ်ကယ်ဆယ်ရေးအဖွဲ့မှ တာဝန်ရှိသူက ဇွန်၈ရက်တွင် ပြောကြားသည်။

**ပြောကြား**

ယင်းဖြစ်ပွားမှုသည် ဂါယိုလူဝီဒေသ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လာဝီအလာစ်မြစ်ရေလျှံပြီး ကြိုးတံတားပြတ်ကျမှုဖြစ်ပေါ်ခဲ့သည်ဟု ကယ်ဆယ်ရေးအဖွဲ့ အကြီးအကဲက ပြောကြားသည်။

**ဖြစ်ပွား**

အဆိုပါဒေသရှိ ရိုးရာယဉ်ကျေးမှုပွဲတော် ဖွင့်ပွဲအခမ်းအနားကို တံတားပေါ်မှနေ၍ ကလေးငယ်များ ကြည့်ရှုနေစဉ်အတွင်း ယင်းသို့အခင်းဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

လူပေါင်းများစွာ မြစ်အတွင်းသို့ ပြုတ်ကျခဲ့ပြီး ပျောက်ပါသွားကြသည်ဟု ဆင်ဟွာသတင်း၌ ဖော်ပြသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**



**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ကားဗုံးပေါက်ကွဲမှုအတွင်း ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးကို ဇွန်၇ရက်က တွေ့ရစဉ်။**

(အင်တာနက်ဓာတ်ပုံ)

**နည်းပညာပြပွဲ**

**အီသီယိုးပီးယားနိုင်ငံ အဒစ္စအာဘာဘာမြို့၌ (၃)ကြိမ်မြောက် သတင်းနှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ ကျင်းပနေသည်ကို ဇွန် ၇ရက်က တွေ့ရစဉ်။** (ဆင်ဟွာဓာတ်ပုံ)

# တူရကီသို့ ခရီးမသွားရန် အစ္စရေးပြည်သူများအား နှိုးဆော်

တဲလ်အဗစ် ဇွန် ၈

အစ္စရေးနှင့် တူရကီနှစ်နိုင်ငံ မဟာမိတ်ဟောင်းများ၏ ဆက်ဆံရေးတင်းမာလျက်ရှိနေစဉ် တဲလ်အဗျစ်ရှိ အကြမ်းဖက်တိုက်ခိုက်မှုဆန့်ကျင်ရေးရုံးက အားလပ်ရက်၌ တူရကီသို့ ခရီးမသွားကြရန် အစ္စရေးပြည်သူများ၊ အထူးသဖြင့် အစ္စရေးတပ်ဖွဲ့ဝင်များအား ဇွန်၆ရက်က ပိတ်ပင်လိုက်သည်။

**ခရီးထွက်**

တူရကီသို့ ခရီးထွက်ရန်စီစဉ်နေသည့် အစ္စရေးအရန်တပ်ဖွဲ့ဝင်များအား ခရီးသွားခွင့်ပိတ်ပင်ခြင်းဖြစ်သည်ဟု အစ္စရေးရုံးက ပြောကြားသည်။ အစ္စရေးအများစုသည် တူရကီသို့ အားလပ်ရက်၌ ခရီးသွားရောက်လေ့ရှိသည်။

**ပြုလုပ်**

ဂါဇာရှိပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများတင်လာသည့် သင်္ဘောအုပ်စုကို နိုင်ငံတကာရေပြင်တွင် အစ္စရေးက တိုက်ခိုက်ပြီးသည့်နောက် အစ္စရေးဆန့်ကျင်ရေးလူထုစည်းဝေးပွဲများကို တူရကီ၊ အရှေ့အလယ်ပိုင်း၊ တောင်အာရှနှင့် အမေရိကန်တို့၌ ပြုလုပ်သည်။ **(အင်တာနက်)**

# မလေးရှားယာဉ်တိုက်မှု သုံးဦးသေဆုံး

ကွာလာလမ်ပူ ဇွန် ၈

မလေးရှားနိုင်ငံအနောက်ပိုင်း အနောက်ဘက် ပီနန်ပြည်နယ်တွင် ဇွန်၇ရက် နံနက်စောစောပိုင်းက ယာဉ်တိုက်မှုဖြစ်ပွားခဲ့သဖြင့် သုံးဦးသေဆုံးခဲ့သည်။

**သေဆုံး**

အဆိုပါယာဉ်တိုက်မှုမှာ မလေးရှားနိုင်ငံ၏ တောင်နှင့်မြောက် ၉၆၆ကီလိုမီတာ ကွာဝေးသော အမြန်လမ်းမကြီးပေါ်တွင် ဖြစ်ပွားခဲ့ပြီး ကားခေါင်းခန်းတွင် လိုက်ပါသည့် အမျိုးသားနှစ်ဦးနှင့် ကားနောက်ပိုင်းမှစီးနင်းလိုက်ပါသူ အမျိုးသမီးတစ်ဦးတို့ သေဆုံးခြင်းဖြစ်သည်။ **(အင်တာနက်)**






ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ ငုယင်မင်ကျစ် ၂၀၁၀ ခုနှစ် (၁၉)ကြိမ်မြောက် အရှေ့အာရှကမ္ဘာ့စီးပွားရေး ဖိုရမ် ဖွင့်ပွဲအထိမ်းအမှတ် ညစာစားပွဲတွင် ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

# (၁၉)ကြိမ်မြောက် အရှေ့အာရှ ကမ္ဘာ့စီးပွားရေးဖိုရမ်ဖွင့်ပွဲ အထိမ်းအမှတ် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတငုယင်မင်ကျစ် ညစာတည်ခင်းဧည့်ခံပွဲကျင်းပ

## နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တက်ရောက်

နေပြည်တော် ဇွန် ၈

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ဇွန် ၆ရက် ည ၇ နာရီတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့ရှိ Reunification Palace ၌ ကျင်းပသည့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသမ္မတ ငုယင်မင်ကျစ်က တည်ခင်းဧည့်ခံသော ၂၀၁၀ခုနှစ် (၁၉)ကြိမ်မြောက် အရှေ့အာရှကမ္ဘာ့စီးပွားရေးဖိုရမ်ဖွင့်ပွဲ အထိမ်းအမှတ် ညစာစားပွဲသို့ တက်ရောက်သည်။**

ရှေးဦးစွာ ၂၀၁၀ခုနှစ် အရှေ့အာရှ ကမ္ဘာ့စီးပွားရေးဖိုရမ်ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့ အကြီးအကဲများသည် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတငုယင်မင်ကျစ်အား တစ်ဦးချင်း တွေ့ဆုံနှုတ်ဆက်ကြသည်။

### နှုတ်ခွန်းဆက်စကား

ယင်းနောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတငုယင်မင်ကျစ်က Phong hop hoi Dong Noi Cac The Cabinet အစည်းအဝေးခန်းမဆောင်၌ ၂၀၁၀ခုနှစ် အရှေ့အာရှ ကမ္ဘာ့စီးပွားရေး ဖိုရမ်ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့ အကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအား ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားသည်။

### တက်ရောက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ၂၀၁၀ ခုနှစ် အရှေ့အာရှ ကမ္ဘာ့စီးပွားရေး ဖိုရမ်ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့ အကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များသည် ည၇နာရီတွင် ဟိုချီမင်းမြို့ရှိ Reunification Palace၌ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ ငုယင်မင်ကျစ်က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်၍ ညစာအတူတကွ သုံးဆောင်ကြသည်။

### ဧည့်ခံဖျော်ဖြေ

ညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ရိုးရာယဉ်ကျေးမှုအဖွဲ့က ရိုးရာယဉ်ကျေးမှု အဆို၊ အကများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

**(သတင်းစဉ်)**



နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အား ဟိုချီမင်းမြို့ရှိ Reunification Palace ၌ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသမ္မတ ငုယင်မင်ကျစ်က ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

## တောင်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဇွန် ၈

<u>ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ</u> လွန်ခဲ့သော ၂၄ နာရီအတွင်းက မကွေးတိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်နှင့်ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ မန္တလေးတိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မိုးကုတ်မြို့တွင် ၃ ဒသမ ၅၁ လက်မ၊ ဘီးလင်းမြို့တွင် ၂ ဒသမ ၀၉ လက်မ၊ ကော့ကရိတ်မြို့တွင် ၁ ဒသမ ၆၁ လက်မ၊ သီပေါမြို့တွင် ၁ ဒသမ ၄၂ လက်မ၊ ဟူမ္မလင်းမြို့တွင် ၁ ဒသမ ၃၈ လက်မနှင့် ဇန်းမော်မြို့တွင် ၁ ဒသမ ၂၂ လက်မ၊ လားရှိုးမြို့နှင့် ကသာမြို့တို့တွင် ၁ ဒသမ ၁၀ လက်မစီတို့ ဖြစ်ကြသည်။

<u>ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ</u> ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

<u>ဇွန်၉ရက် ညနေအထိ ခန့်မှန်းချက်မှာ</u> ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

<u>မြန်မာ့ပင်လယ်ပြင်တွင်</u> လှိုင်းအသင့်အတင့်ရှိမည်။

<u>နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ</u> မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

<u>နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်</u> ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

<u>ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်</u> ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

<u>မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင်</u> ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

## သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

## ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ်ထွက်ရှိ

ရန်ကုန် ဇွန် ၈

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၆)၊ အမှတ် (၂၂) ထွက်ရှိလာသည်။

ဂျာနယ်တွင် ဆရာမောင်စူးစမ်းရေးသားသည့် နယူးယောက်မှ ကိုလံဘတ်(စ်)သို့ မထွက်မီ ရွေးကောက်ပွဲတရား၊ ဆရာမောင်သာနုရေးသားသည့် ရွေးကောက်ပွဲနှင့် နိုင်ငံရေးပါတီများ၊ ပါတီမိတ်ဆက်ကဏ္ဍစသည့် နိုင်ငံရေးသုံးသပ်ဆောင်းပါးများနှင့် သတင်းများ၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်သွားမည်ဟု အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးကပြော၊ အနာဂတ်မှာ အဆင့်မြင့်ဈေးကြီးတွေကို ဘယ်လိုတည်ဆောက်ကြမလဲ၊ ငါးလောင်းပြိုင်လူသတ်မှုကို ပလပ်ထားခြင်းမရှိဘဲ ဆက်လက်စုံစမ်းလျက်ရှိကြောင်း ရဲချုပ်ပြောကြား၊ မီးသင့်ခဲ့သည့်ဆေး၊ အလှကုန်နှင့် စာရေးကိရိယာဆိုင်များ မင်္ဂလာဈေးသစ်တွင်ပြန်လည်နေရာချ၊ ကိုရီးယား-မြန်မာလုပ်သားစေလွှတ်ရေးအစီအစဉ် လာမည့်နိုဝင်ဘာအတွင်း ပြန်လည်စတင်နိုင်ဖွယ်ရှိဟုဆို၊ တေးသံရှင်များ အခွန်ကြွေးကျန်ကို သတ်မှတ်ရက်အတွင်းမပေးဆောင်က ရာနှုန်းပြည့်အခွန်ထပ်မံပေးဆောင်ရမည်၊ မြန်မာ့လယ်ယာလုပ်ငန်းတွင်ရင်းနှီးမြှုပ်နှံရန် ထိုင်းဆန်စပါးကုန်သည်အသင်း ဂုဏ်ထူးဆောင်ဥက္ကဋ္ဌစိတ်ဝင်စား၊ ဒီရာသီဆိုသတိထား ကူးစက်ရောဂါရှိနေတယ်၊ ရေအောက်ကမ္ဘာသို့ရောက်ရှိခြင်း၊ ကိုရီးယားခရီးသွားဆောင်းပါး၊ မိုးရာသီမှာဖြစ်တဲ့ရောဂါဘယတွေကို ဘယ်လိုကြိုတင်ကာကွယ်မလဲ Yangon Forum ကဏ္ဍသစ်၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ လူငယ်နှင့်နိုင်ငံရေးအသိအမြင်စသည့် ဖျော်ဖြေရေးကဏ္ဍအပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

သေဒဏ်နှင့်ပတ်သက်၍ အလွယ်တကူ စီရင်ချက်ချမှတ်ခြင်း မပြုနိုင်သည့် ဥပဒေစည်းမျဉ်းသစ် တရုတ်ထုတ်ပြန်၊ တောင်ကိုရီးယားနိုင်ငံ၏ ကာကွယ်ရေးတိုးမြှင့်ရန် ရေရှည်မဟာဗျူဟာတစ်ရပ် အမေရိကန်စီစဉ်ဆောင်ရွက်လျက်ရှိ၊ အင်တာနက်စွဲသော ကိုရီးယားဇနီးမောင်နှံကြောင့် မွေးကင်းစကလေးငယ်သေဆုံး၊ ကေသာအလှ ပြုပြင်လွန်းပါက ဆံနွယ်ကိုပျက်စီးစေနိုင်၊ ကွန်ပျူတာဗိုင်းရပ်စ်က လူကိုကူးစက်ခြင်းဖြင့် အခြားပြဿနာများ ဖြစ်ပေါ်နိုင်၊ စင်ကာပူသူခိုးဈေး အတိတ်ပုံရိပ်အတိုင်း ယနေ့တိုင်တည်ရှိနေ၊ လူတစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိသည့် လူသတ်မှု စင်ကာပူတွင်ဖြစ်ပွား၊ မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ နိုင်ငံတကာဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍနှင့် နည်းပညာကဏ္ဍများ စုံလင်စွာဖော်ပြပါရှိသည်။ **(သတင်းစဉ်)**

ဇွန် ၇ရက်က ပန်းတနော်မြို့နယ်အတွင်းရှိ စပါးစိုက်တောင်သူများသို့ ကဥ္စနကျွန်းသာကုမ္ပဏီ အထွေထွေမန်နေဂျာ ဦးတင်မောင်ဝင်းက ဒုတိယအကြိမ် ပုံ့ပိုးငွေ၊ စိုက်ပျိုးရေးသုံးပစ္စည်းများနှင့် စိုက်ပျိုးရေးနည်းပညာစာအုပ်များ ပေးအပ်စဉ်။ (သတင်းစဉ်)



○ ရှေ့ဖုံးမှ

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတ နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးခင်မောင်စိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့အတူ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Nguyen Tan Dzung နှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဆက်လက်ကျင်းပ**

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းက သီးသန့်ဧည့်ခန်းဆောင် အခန်းအမှတ်(၂၀၁၀)မှ ကြိုဆိုနှုတ်ဆက်ပြီးနောက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပသည်။

ဆွေးနွေးပွဲတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းက ပြောကြားရာ၌ အရှေ့အာရှ ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ အဆွေတော် ဝန်ကြီးချုပ် ပါဝင်တက်ရောက် ဆွေးနွေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မဲခေါင်ဒေသတွင်း နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံမှ အဆွေတော်ဝန်ကြီးချုပ်လည်း ပါဝင်တက်ရောက်မှုကြောင့် မိမိတို့ စီးပွားရေးဖိုရမ်အောင်မြင်ရေးအတွက် အထောက်အကူပြုစေသည့်အပြင် ပိုမိုအဓိပ္ပာယ်ရှိသည့် ဆွေးနွေးပွဲတစ်ရပ် ဖြစ်စေခဲ့ပါကြောင်း။

**တွေ့ဆုံဆွေးနွေး**

မိမိမြန်မာနိုင်ငံသို့ ဧပြီလက သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဆွေတော်ဝန်ကြီးချုပ်တို့က လက်ခံတွေ့ဆုံဆွေးနွေးပေးခဲ့ခြင်းအတွက်လည်းကောင်း၊ နွေးထွေးစွာ ကြိုဆိုဧည့်ဝတ်ပြုခဲ့မှုများအတွက်လည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း၊ အဆွေတော်တို့ဘက်မှ ကူညီပံ့ပိုးစီစဉ်ဆောင်ရွက်ပေးမှုများကြောင့် မိမိ၏ခရီးစဉ် အောင်မြင်မှုများ ရရှိခဲ့ပါကြောင်း။

**ဆုမွန်ကောင်းတောင်းပေး**

မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှာ ချစ်ကြည်ရင်းနှီးမှုရှိပြီး နိုင်ငံများဖြစ်ကြပါကြောင်း၊ မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်နေသည့် အဆင့် (၇)ဆင့်ပါ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်များ အောင်မြင်စေရေးအတွက် ဆုမွန်ကောင်းများ တောင်းပေးနေပါကြောင်း၊ ယခုအခါ မိမိတို့နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး၊ ကုန်သွယ်ရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ အထူးတိုးတက် ကောင်းမွန်လျက်ရှိနေပါကြောင်းဖြင့် ပြောကြားသည်။

**ကျေးဇူးတင်**

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်က ပြောကြားရာတွင် ဗီယက်နမ်နိုင်ငံအနေဖြင့် ဖွံ့ဖြိုးပြီး နိုင်ငံများတွင်သာ ကျင်းပလေ့ရှိသည့် အရှေ့အာရှ ကမ္ဘာ့စီးပွားရေး ဖိုရမ်ကို အိမ်ရှင်အဖြစ် ပထမဆုံး လက်ခံကျင်းပပေးနိုင်ခြင်းအတွက် များစွာဂုဏ်ယူပါကြောင်း၊ မြန်မာနှင့် ဗီယက်နမ်တို့မှာ ချစ်ကြည်ရင်းနှီးသည့် နိုင်ငံများဖြစ်ကြပြီး နိုင်ငံတကာနှင့် ဒေသတွင်းမျက်နှာစာများတွင် အပြန်အလှန်ကူညီထောက်ခံမှုများ ပေးလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံဘက်မှ ထောက်ခံရပ်တည်ပေးနေမှုများအတွက် များစွာကျေးဇူးတင်ရှိပါကြောင်း ဦးစွာပြောကြားသည်။

**ထုတ်ပြန်ခဲ့**

ဆက်လက်၍ နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်ရန် နယ်ပယ်(၁၂)ခုကို ရွေးချယ်ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်ရရှိလာအောင် ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ပြည်တွင်းနိုင်ငံရေးတိုးတက်မှုအခြေအနေကို အကျဉ်းမျှရှင်းပြလိုပါကြောင်း၊ ယခုနှစ်ကျင်းပမည့် ရွေးကောက်ပွဲအတွက် လိုအပ်သည့် ဥပဒေများ ထုတ်ပြန်ခဲ့ပြီး ရွေးကောက်ပွဲကျင်းပရေးကော်မရှင်ကိုလည်း ဖွဲ့စည်းပြီးဖြစ်ပါကြောင်း၊ ယခုအခါ ပါတီများ ဖွဲ့စည်းတည်ထောင်မှုများကို လက်ခံစိစစ်ဆောင်ရွက်ပေးနေရာတွင် ယနေ့အထိ နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် ဆက်လက်တည်ထောင်ခွင့် လျှောက်ထားသည့်ပါတီ (၄၂)ပါတီရှိပြီဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်က နှစ်နိုင်ငံဆက်ဆံရေး၊ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးများကို ဒေသတွင်း အဖွဲ့အစည်းများတွင်သာမက နိုင်ငံတကာ မျက်နှာစာတွင်ပါ ပြုလုပ်လျက်ရှိကြပါကြောင်း၊ မိမိတို့အနေဖြင့် ဆက်လက်ကူညီပံ့ပိုးထောက်ခံမှုများ ပေးအပ်သွားရန် အဆင်သင့်ရှိပါကြောင်း။

မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းမှုမြှင့်တင်ရေးနှင့် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကူညီရန် အသင့်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများကို ထောက်ခံပြောကြား ရပ်တည်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ပြောကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**



**ရင်းရင်းနှီးနှီးနှုတ်ဆက်**

**နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Nguyen Tan Dzung ဟိုချီမင်းမြို့ရှိ Inter Continental Asiana Saigon Hotel ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**
(သတင်းစဉ်)

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်
# ၂၀၁၀ ခုနှစ် အရှေ့အာရှကမ္ဘာ့စီးပွားရေးဖိုရမ်သို့ တက်ရောက်ပြီး နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

**နေပြည်တော် ဇွန် ၈**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့၌ ကျင်းပသည့် ၂၀၁၀ ခုနှစ် အရှေ့အာရှကမ္ဘာ့စီးပွားရေး ဖိုရမ်သို့ တက်ရောက်ခဲ့ပြီးနောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ တာဝန်ရှိသူများနှင့်အတူ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ ပြည်ထောင်စုမြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာရန် ဇွန် ၇ရက် ဒေသစံတော်ချိန် နံနက်၉နာရီခွဲတွင် ခေတ္တတည်းခိုသည့် Sheraton Saigon ဟိုတယ်မှ ဟိုချီမင်းမြို့ Tan Son Nhat အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အထူးယာဉ်တန်းဖြင့် ရောက်ရှိကြသည်။

**ပို့ဆောင်နှုတ်ဆက်**

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့ ပြည်သူ့ကော်မတီအရာရှိချုပ် Mr. Vo Van Luan နှင့် တာဝန်ရှိသူများ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးခင်မောင်စိုး၊ စစ်သံမှူး ဗိုလ်မှူးကြီး တင်ထွန်းအေးနှင့် သံရုံးဝန်ထမ်းများက Tan Son Nhat လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အထူးလေယာဉ်ဖြင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့ Tan Son Nhat လေဆိပ်မှ ဒေသစံတော်ချိန် နံနက် ၁၀နာရီတွင် ပြည်ထောင်စုမြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာခဲ့ကြရာ နေပြည်တော်သို့ မွန်းလွဲပိုင်းတွင် ရောက်ရှိကြသည်။ **(သတင်းစဉ်)**

# ဗီယက်နမ် ရင်းနှီးမြှုပ်နှံသူများ အသင်းဥက္ကဋ္ဌ ဝန်ကြီး ဦးစိုးသာအား လာရောက်တွေ့ဆုံ

**နေပြည်တော် ဇွန် ၈**

**ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့၌ ကျင်းပသည့် အရှေ့အာရှကမ္ဘာ့စီးပွားရေးဖိုရမ်သို့ တက်ရောက်ခဲ့သည့် နိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာအား မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံသည့် ဗီယက်နမ်နိုင်ငံ ဗီယက်နမ် ရင်းနှီးမြှုပ်နှံသူများအသင်းဥက္ကဋ္ဌနှင့် အဖွဲ့သည် ဇွန် ၆ရက် မွန်းလွဲ ၁နာရီတွင် ဟိုချီမင်းမြို့ Sheraton Hotel ရှိ သီးသန့်ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။**



**အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာအား မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံသည့် ဗီယက်နမ်နိုင်ငံ ဗီယက်နမ် ရင်းနှီးမြှုပ်နှံသူများ အသင်းဥက္ကဋ္ဌနှင့်အဖွဲ့ ဟိုချီမင်းမြို့ Sheraton Hotel ၌ လာရောက်တွေ့ဆုံစဉ်။**
(သတင်းစဉ်)

**တက်ရောက်**

ထိုသို့ တွေ့ဆုံရာတွင် ဝန်ကြီး ဦးစိုးသာနှင့်အတူ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ နိုင်ငံရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန စီမံကိန်းရေးဆွဲရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်လဲ့လဲ့သိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံသည့် ဗီယက်နမ် ရင်းနှီးမြှုပ်နှံသူများ အသင်းဥက္ကဋ္ဌ Mr. Tran Bac Ha နှင့်အတူ ဗီယက်နမ် ရင်းနှီးမြှုပ်နှံမှုဘဏ်ဥက္ကဋ္ဌ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများလည်း တက်ရောက်ကြသည်။

**ဆွေးနွေး**

ယင်းသို့ တွေ့ဆုံဆွေးနွေးရာ၌ နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး နယ်ပယ်များဖြစ်သည့် ခရီးသွားလုပ်ငန်းကဏ္ဍ၊ လေကြောင်းပို့ဆောင်ရေးကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဆက်သွယ်ရေးလုပ်ငန်းကဏ္ဍ၊ သတ္တုလုပ်ငန်းကဏ္ဍများနှင့်စပ်လျဉ်း၍ လက်ရှိဆောင်ရွက်မှု အခြေအနေများနှင့် တိုးမြှင့်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအပေါ် ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

**၉-၆-၂၀၁၀ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅ ၂။ အင်္ဂဇေယမင်္ဂလာ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၇း၅၅ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈း၀၅ ၇။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
၈း၁၅ ၈။ အတီးပြိုင်ပွဲ
၈း၂၅ ၉။ တေးဂီတအစီအစဉ်
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ **ငါးရစ်မျိုးငါး ဒို့မစား**
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၃း၃၀ ၁။ Myanmar National League MNL Cup (2010) ဘောလုံးပြိုင်ပွဲထုတ်လွှင့်မှုအစီအစဉ် **(နေပြည်တော် F.C နှင့် ဥသာယူနိုက်တက် F.C)**
၅း၀၀ ၂။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒ၊ရုက္ခဗေဒအထူးပြုများ) (ဓာတုဗေဒ)
၅း၁၅ ၃။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၂၀ ၄။ သီချင်းကြီးပဒေသာ
၅း၃၀ ၅။ ရင်ခုန်စောင့်စားကမ္ဘာ့ဖလား **အုပ်စု(G)**
၅း၄၅ ၆။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၆း၀၀ ၇။ ညနေခင်းသတင်း
၆း၁၅ ၈။ မိုးလေဝသအခြေအနေ
၆း၂၀ ၉။ **မြန်မာ့ဓလေ့ ရိုးရာလက်ဖွဲ့**
၆း၃၅ ၁၀။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၇း၀၀ ၁၁။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
၇း၃၀ ၁၂။ အလင်္ကာကျော်စွာ ရွှေပြည်အေး နှစ်တစ်ရာပြည့် တေးဂီတအစီအစဉ်(အပိုင်း-၁)
၈း၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ **ရွှေမြရံခြယ်** တေးဆို-စိုးစန္ဒာထွန်းနှင့်အဖွဲ့၊ တေးရေး-မောင်မောင်အေး (အလင်္ကာဝတ်ရည်)
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ** (အပိုင်း-၄၉)
၁၈။ **မြန်မာ-တရုတ်သံတမန်ဆက်သွယ်ရေး ထူထောင်သည့် နှစ်(၆၀)ပြည့် အထိမ်းအမှတ် အခမ်းအနားနှင့်ယဉ်ကျေးမှု ပဒေသာကပွဲ**
၁၉။ အစီအစဉ်ပြီး၏။



## တွေ့ဆုံဆွေးနွေး

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန်ဘုဖာဝမ်းတို့ ဟိုချီမင်းမြို့ Inter Continental Asiana Saigon Hotel ၌ တွေ့ဆုံဆွေးနွေးကြစဉ်။

(သတင်းစဉ်)

# ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် လာအိုဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်းနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇွန် ၈

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့၌ ရောက်ရှိနေသော ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ဇွန် ၆ရက် မွန်းလွဲ ၂နာရီ ၄၅မိနစ်တွင် Inter Continental Asiana Saigon Hotel, Plenary Hall ရှိ သီးသန့်ဧည့်ခန်း၌ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်းနှင့် တွေ့ဆုံဆွေးနွေးသည်။

### တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးခင်မောင်စိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့အတူ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

ဆွေးနွေးပွဲတွင် နှစ်နိုင်ငံဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံရင်းနှီးချစ်ကြည်မှု တိုးမြှင့်ခိုင်မာရေး၊ နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးနှင့် မြန်မာနိုင်ငံ၏ ပြည်တွင်းဖြစ်ပေါ်တိုးတက်မှုများအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြပြီး ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

## မိုးရာသီစိုက်ပျိုး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ၌ စိန်တစ်လုံးသရက်ပင်ကို စိုက်ပျိုးပေးစဉ်။

(သတင်းစဉ်)





စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းငွေ အမှတ်(၅) ဓာတ်မြေသြဇာစက်ရုံစီမံကိန်းလုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# အမှတ်(၅) ဓာတ်မြေသြဇာစက်ရုံစီမံကိန်း ဒုတိယဝန်ကြီး ဦးသန်းငွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၈

**မြန်မာနိုင်ငံ၏ အဓိကဆန်စပါးစိုက်ပျိုးရာဒေသဖြစ်သော ဧရာဝတီတိုင်းအတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများကို တိုက်ရိုက်အထောက်အကူပြုရန်ရည်ရွယ်လျက် အမှတ်(၅) ဓာတ်မြေသြဇာစက်ရုံ စီမံကိန်းကို စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်းက ဧရာဝတီတိုင်း ပုသိမ်ခရိုင် ကန်ကြီးဒေါင့်မြို့နယ်၌ တည်ဆောက်လျက်ရှိရာ စီမံကိန်းလုပ်ငန်းများပြီးစီးမှုအခြေအနေကို စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းငွေသည် ဇွန် ၅ရက်က သွားရောက်ကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ တာဝန်ရှိသူများက စီမံကိန်းရှင်းလင်းဆောင်၌ လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက စက်မှုဆိုင်ရာ အရည်အသွေး ပြည့်မီရေး၊ သတ်မှတ်ချိန်ကာလအတွင်း ပြီးစီးရေးနှင့် ရေရှည်အားဖြင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု မရှိအောင် ထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ စက်ရုံစီမံကိန်းသည် ယခုအခါ စက်တပ်ဆင်မှုလုပ်ငန်းများ ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးလျက်ရှိပြီး စက်စမ်းသပ်လည်ပတ်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ စက်ရုံတည်ဆောက်ပြီးစီးပါက တစ်ရက်လျှင် ဓာတ်မြေသြဇာတန် ၅၀၀ခန့် ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇွန် ၈

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါရုံးဝင်းအတွင်း၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး တက်ရောက်၍ စိန်တစ်လုံးသရက်ပင်ကို စိုက်ပျိုးပေးသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ကော်မရှင်ရုံးမှ ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ကြပြီး သတ်မှတ်နေရာအသီးသီး၌ သစ်ပင်များကို စိုက်ပျိုးကြသည်။ ယနေ့စိုက်ပျိုးသော အရိပ်ရပင်နှင့် နှစ်ရှည်ပင်များမှာ သရက်ပင်၊ ပိန္နဲပင်၊ တည်ပင်နှင့် ကုက္ကိုပင် စုစုပေါင်း ၁၂၆ပင် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာဘရူဝါရီလီမိတက် နှစ်ပတ်လည်သွေးလှူဒါန်းပွဲကျင်းပမည်

ရန်ကုန် ဇွန် ၈

၁၉၉၅ ခုနှစ်မှ စတင်တည်ထောင်ခဲ့သည့် မြန်မာဘရူဝါရီလီမိတက်သည် မြန်မာနိုင်ငံ၌ ရှေ့ဆောင်လမ်းပြကုမ္ပဏီတစ်ခုအဖြစ် ရပ်တည်နေနိုင်ခဲ့ပြီဖြစ်ပြီး ကုမ္ပဏီစတင်တည်ထောင်စကပင် မိမိအား အကျိုးပြုနေသည့် တိုင်းပြည်နှင့် နိုင်ငံသားများအပေါ် ပြန်လည်ပေးဆပ်ရေးဆိုသည်မှာ ကုမ္ပဏီ၏အရေးကြီးသည့် မူဝါဒတစ်ခုအဖြစ် တည်ရှိနေသည်။

၂၀၀၆ ခုနှစ်တွင် မြန်မာဘရူဝါရီလီမိတက်၏ ပထမဆုံးအကြိမ် စုပေါင်းသွေးလှူဒါန်းပွဲကို အောင်မြင်စွာ ပြုလုပ်ခဲ့ပြီး ဝန်ထမ်းများ၏ လူနာများလိုအပ်သည့်သွေးများကို လှူဒါန်းလိုသည့် စေတနာများ ပူးပေါင်း၍ စုပေါင်းသွေးလှူဒါန်းပွဲများကို နှစ်စဉ်မပျက် ပြုလုပ်ခဲ့သည်။

မြန်မာဘရူဝါရီလီမိတက် ကရဏာရေးရှု မြန်မာမှုသွေးလှူရှင်အသင်းက ဇွန် ၁၄ရက်တွင်ကျရောက်မည့် ကမ္ဘာ့သွေးလှူရှင်များနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဇွန် ၁၁ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အမျိုးသားသွေးလှူဘဏ်၌ စတင်ကျင်းပမည့် (၆)ကြိမ်မြောက် နှစ်ပတ်လည်သွေးလှူဒါန်းပွဲသို့ လာရောက်သွေးလှူဒါန်းနိုင်ကြကြောင်းကို မိမိတို့၏ စီးပွားဖက်မိတ်ဆွေများ၊ သတင်းနှင့်စာနယ်ဇင်းများမှ မိတ်ဆွေများနှင့် စေတနာ သွေးလှူရှင်များအားလုံးအား ဖိတ်ကြားထားသည်။

### လှူဒါန်းနိုင်

ဇွန် ၁၈ ရက်တွင်လည်း မြန်မာဘရူဝါရီလီမိတက် စက်ရုံခန်းမနှင့် မန္တလေးအရောင်းရုံးခွဲတို့၌ သွေးလှူဒါန်းပွဲများကို နံနက်၉နာရီတွင် ကျင်းပသွားမည်ဖြစ်ရာ စေတနာသွေးလှူရှင်များ လာရောက်သွေးလှူဒါန်းနိုင်ကြကြောင်း သိရသည်။

### လှူဒါန်းပြီး

မြန်မာဘရူဝါရီလီမိတက်သည် ၂၀၀၆ ခုနှစ်မှစတင်၍ သွေးလှူဒါန်းပွဲကို စတင်ခဲ့ရာ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် စုစုပေါင်း သွေးပုလင်း ၁၇၇၈ ပုလင်း လှူဒါန်းပြီးဖြစ်သည်။

### ဆက်သွယ်စုံစမ်းနိုင်

အသေးစိတ်သိရှိလိုပါက ဒေါ်ဝင်းဝင်းသန့် လူထုဆက်သွယ်ရေးအရာရှိ မြန်မာဘရူဝါရီလီမိတက် အမှတ်၄၅ အမှတ်(၃)လမ်းမကြီး ပျဉ်းမပင်စက်မှုဇုန် ရန်ကုန်မြို့ ဖုန်း-၆၃၈၁၄၉၊ ၁၅၆၊ ၁၈၆၊ ၁၈၇၊ ၂၁၄၊ ၂၆၃၊ e-mail: winwin.thant @ mbl.com.mm တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

“ဟုတ်တယ်ဟ၊ အနာဂတ်ကာလမှာ စတုတ္ထမဏ္ဍိုင်က ပိုမိုကြီးလေးတဲ့တာဝန်ကို ယူကြရမှာဖြစ်လို့ အခုကတည်းက ကြိုတင်ပြီး မီဒီယာသမားတွေကို လေ့ကျင့်သင်ကြားပေးသင့်တယ်နော်။”

“ကဲ- မင်းတို့စာပေညီလာခံအကြောင်း ဆက်ပါဦး။”

“ထူးထူးထွေထွေမရှိတော့ပါဘူး၊ ယခင်လေးနှစ်သက်တမ်း ကာလက ဆောင်ရွက်ခဲ့မှု အစီရင်ခံစာတွေကို ညီလာခံကိုယ်စားလှယ်တွေက

**ဖြစ် တည်ဆောက်ရာမှာလည်း စာပေ ...တုတ္ထမဏ္ဍိုင်ဖြစ်တဲ့ မီဒီယာသမားတွေကို ...ဖြစ်တာမို့ ကိုယ်ကိုယ်တိုင်ကလည်း ...းကို အစဉ်စွဲကိုင်ထားပြီး စာပေ ...ရမယ်၊ နောင်ပေါ်ပေါက်လာတော့မယ့် ...ရေး၊ အုပ်ချုပ်ရေးမဏ္ဍိုင်တွေကို ...န်းကျောင်းပေးကြရမယ့် တာဝန်ရှိလာ ...တာဝန်က အလွန်ကြီးလေးလာတာကို ...ည်း လိုမယ်။**

အပြုသဘောနဲ့ အားသာချက်၊ အားနည်းချက်တွေကို ဝေဖန်ထောက်ပြပြီး တညီတညွတ်တည်း အတည်ပြုခဲ့ကြပါတယ်။ ရှေ့လုပ်ငန်းစဉ်တွေချမှတ်ပြီး အတည်ပြုခဲ့ကြတယ်။ နောက်အမှုဆောင်ကော်မတီ အဟောင်းတွေက နုတ်ထွက်ပေးပြီး ဗဟိုအမှုဆောင်ကော်မတီအသစ်ကို မဲဆန္ဒပေးပြီး ရွေးချယ် နိုင်ခဲ့ကြတယ်။”

“ဗဟိုကော်မတီအသစ်အကြောင်း ပြောပါဦးဟ။”

“နာယကများအဖြစ် အရင်ကော်မတီဟောင်းက အသက်အရွယ်ကြီးရင့်ပြီး စာပေအစဉ်အလာရှိကြတဲ့ ပုဂ္ဂိုလ်လေးဦးကို ခန့်အပ်ခဲ့တယ်၊ စာပေအစဉ်အလာလည်းရှိ၊ ကျန်းမာရေးကောင်းပြီး အချိန်ပေးဆောင်ရွက်နိုင်တဲ့ ဥက္ကဋ္ဌအသစ်ကိုရွေးချယ်ခန့်အပ်ခဲ့ပြီး အတွင်းရေးမှူး၊ အဖွဲ့ဝင်တွေကိုလည်း တက်တက်ကြွကြွနဲ့ လုပ်ကိုင်နိုင်စွမ်းရှိတဲ့၊ လုပ်ချင်ကိုင်ချင်စိတ်ရှိတဲ့ လူရွယ်လူလတ်တွေကို တာဝန်ပေးခဲ့တယ်။ အဖွဲ့ဝင်တွေကတော့ လူဟောင်းရော၊ လူသစ်ပါ ပါရှိတာတွေ့ရပါတယ်။ ဒါကြောင့် ဗဟိုအမှုဆောင် ကော်မတီအသစ်အနေနဲ့ စနစ်တကျနဲ့ စီမံခန့်ခွဲ လုပ်ဆောင်နိုင်ကြမယ်လို့ ထင်ပါတယ်။”

“ကောင်းပါတယ်ကွာ၊ လူသစ်စိတ်သစ်နဲ့၊ ညီညီညွတ်ညွတ်နဲ့ ကျရာ တာဝန်တွေကို တက်တက်ကြွကြွ ထမ်းဆောင်ကြမယ်ဆိုရင် ကြီးမား ကျယ်ပြန့်များပြားလာတဲ့ စာပေတာဝန်၊ အမျိုးသားရေးတာဝန်တွေကို အောင်မြင်အောင် ထမ်းဆောင်နိုင်မှာပါ။ လုပ်ချင်စိတ်နဲ့ လုပ်တတ်ကိုင်တတ်ရှိမယ်၊ စီမံခန့်ခွဲမှုကောင်းကောင်းနဲ့ ကွပ်ကဲကြပ်မတ်မှု သဘောကို ကျင့်သုံးနိုင်မယ်၊ စုပေါင်းဦးဆောင်ပြီး တစ်ဦးချင်းတာဝန်ယူမယ်၊ အပြန်အလှန်လေးစားမှုနဲ့ အရာရာကို စေတနာထားဆောင်ရွက်မယ်၊ သည်းခံနားလည်ပြီး ခွင့်လွှတ်မှုနဲ့ ညီညီညွတ်ညွတ်ဆောင်ရွက်ကြမယ်ဆိုရင် အရာရာကို အခက်အခဲမရှိ အောင်မြင်အောင် ဆောင်ရွက်နိုင်ပါလိမ့်မယ်။ ဗဟိုအမှုဆောင်ကော်မတီ အသစ်အနေနဲ့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အားကြိုးမာန်တက်ထမ်းဆောင်ပြီး တာဝန်ဟူသမျှကို ကျေပွန်အောင်မြင်စွာ ဆောင်ရွက်နိုင်ကြလိမ့်မယ်လို့ပဲ ယုံကြည်ပါတယ်။”

“ကဲ- စကားဝိုင်းကလည်းကောင်း၊ အစားအသောက်ကလည်း ကောင်းပေမယ့်၊ အချိန်အခါလင့်လို့ အိမ်ပြန်သင့်ကြပြီမို့ ဒို့တစ်တွေကို ခွင့်ပြုပါဦးကွာ၊ ကျေးဇူးလည်းတင်ပါတယ်။”

ထိုသို့ စာပေသမားတစ်သိုက် နှုတ်ဆက်၍ ပြန်သွားကြချိန်တွင်မူ ကျွန်တော်၏ အတွေးအာရုံ၌ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့၏ များပြားကြီးလေးသောတာဝန်များကို အနှစ်ချုပ်လိုက်ပါက စာပေလောကသားများနှင့် စာပေလောကကြီးတစ်ရပ်လုံး၏ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ စည်းလုံးညီညွတ်ရေးနှင့် အင်အားတောင့်တင်းပြီး အစဉ်ရှင်သန်ထက်မြက်သွက်လက်သော အဖွဲ့ကြီးဖြစ်ရေး တာဝန်နှင့် များပြားလှစွာသော အမျိုးသားအကျိုးစီးပွားအတွက် လုပ်ဆောင်ကြရမည့် တာဝန်တို့ပင်ဖြစ်ကြောင်း သုံးသပ်ဆင်ခြင်မိပါသည်။ ထိုတာဝန်များကို ဗဟိုအမှုဆောင်ကော်မတီသစ်အနေဖြင့် စည်းလုံးညီညွတ်စွာဖြင့် အောင်မြင်အောင် ဆောင်ရွက်နိုင်ကြပါစေ၊ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးနှင့် စာပေ လောကသားတို့၏ အကျိုးကို အမြဲရှေးရှု၍ ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆန္ဒပြုမိသလို ကျေးလက်စာကြည့်တိုက်ဖောင်ဒေးရှင်းကြီး၏ လုပ်ငန်းများ အစဉ်ရှင်သန်အောင်မြင်ပါစေကြောင်း ဆန္ဒပြုနေမိပါသည်။ ။

## မော်လမြိုင်မြို့နယ် ကော်မရှင်အဖွဲ့ခွဲ ရပ်ကွက်နှင့်ကျေးရွာ ကော်မရှင်အဖွဲ့ခွဲဝင်များ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်

**မော်လမြိုင် ဇွန် ၈**

မော်လမြိုင်မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ရပ်ကွက်နှင့်ကျေးရွာ ကော်မရှင်အဖွဲ့ခွဲဝင်များ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်း သင်တန်းဖွင့်ပွဲကို ဇွန်၅ရက် နံနက်က မော်လမြိုင်မြို့နယ် ရွှေမြိုင်ခန်းမ၌ ကျင်းပရာ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ မော်လမြိုင်မြို့ တာဝန်ခံနှင့် ခရိုင် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ရှင်းလင်းပြောကြား**

ရှေးဦးစွာ ခရိုင်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌဦးခင်ထွန်းက အမှာစကား ပြောကြားပြီး သင်တန်းနှင့်စပ်လျဉ်းသည့် လုပ်ငန်းဆိုင်ရာများကို တာဝန်ရှိသူများက ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ဇွန် ၅ရက်မှ ၆ရက်အထိဖွင့်လှစ်ခဲ့ပြီး သင်တန်းသို့ သင်တန်းသား သင်တန်းသူ၁၂၃ဦး တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)





တရားသူကြီးချုပ် ဦးအောင်တိုး မြို့နယ်တရားသူကြီးများ မွမ်းမံသင်တန်းအမှတ်စဉ်(၇)ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

## မြို့နယ်တရားသူကြီးများ မွမ်းမံသင်တန်းဖွင့်ပွဲကျင်းပ
## တရားသူကြီးချုပ် ဦးအောင်တိုး တက်ရောက်အမှာစကားပြောကြား

**ရန်ကုန် ဇွန် ၈**

မြို့နယ်တရားသူကြီးများ မွမ်းမံသင်တန်းအမှတ်စဉ်(၇) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ရှိ လေ့ကျင့်ရေးဌာန သင်တန်းခန်းမ၌ ကျင်းပရာ တရားသူကြီးချုပ် ဦးအောင်တိုး တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားရာတွင် မြို့နယ်အဆင့်တရားရုံးများသည် တရားစီရင်ရေးကဏ္ဍတွင် အခြေခံအကျဆုံး၊ အဓိကအကျဆုံး ရုံးများဖြစ်သဖြင့် သင်တန်းတက်သူအရာရှိများသည် အကျင့်သီလ သမာဓိနှင့် ပြည့်စုံသော တရားသူကြီးကောင်းများဖြစ်အောင် ကြိုးစားကြရန်၊ နောင်အနာဂတ်တရားစီရင်ရေးအတွက် အရည်အချင်းနှင့်ပြည့်စုံသော တရားသူကြီးကောင်းများ ဖြစ်လာအောင် ကြိုးစားကြရန်၊ တရားရုံး၏ ဂုဏ်သိက္ခာ အစဉ်တိုးတက်မြင့်မားစေရန် ကြိုးစားကြစေလိုကြောင်းဖြင့် ပြောကြားသည်။

**ဖွင့်လှစ်ပို့ချမည်**

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၉ဦး တက်ရောက်ကြပြီး ရက်သတ္တရှစ်ပတ်ကြာ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီလာသော် ပြည်သူလူထုအခြေပြု မျိုးဆက်ပွားကျန်းမာရေးလုပ်ငန်းများ အရှိန်အဟုန် မြှင့်တင်ခြင်းဆိုင်ရာ သက်ရှယ်/အုပ်စုတူအတွင်း ပညာပေးသူဆရာဖြစ် သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

## ပြည်သူလူထုအခြေပြု မျိုးဆက်ပွားကျန်းမာရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ခြင်းဆိုင်ရာ ဗဟိုအဆင့် ဆရာဖြစ်သင်တန်း ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇွန် ၈**

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ကျန်းမာရေး ဦးစီးဌာနနှင့် UNFPA တို့ ပူးပေါင်း ဆောင်ရွက်သည့် ပြည်သူလူထုအခြေပြု မျိုးဆက်ပွား ကျန်းမာရေးလုပ်ငန်းများ အရှိန်အဟုန် မြှင့်တင်ခြင်းဆိုင်ရာ သက်ရွယ်/ အုပ်စုတူအတွင်း ပညာပေးသူ ဗဟိုအဆင့်ဆရာဖြစ်သင်တန်း ဖွင့်ပွဲအခမ်းအနားကို ဇွန် ၇ရက် နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌဒေါ်နီလာသော်က သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

**အသိပေးရှင်းလင်း**

ဆက်လက်၍ အသင်း ဒုတိယ ဥက္ကဋ္ဌ ဒေါက်တာဒေါ်ဝေဝေသာက သင်တန်းပို့ချရခြင်း အကြောင်းကို အသိပေး ရှင်းလင်းပြောကြားသည်။

**တက်ရောက်**

အဆိုပါသင်တန်းသို့ စစ်ကိုင်းတိုင်း (ရွှေဘို၊မြင်းမူ)၊ ရန်ကုန်တိုင်း(မှော်ဘီ)၊ ပဲခူးတိုင်း(အရှေ့) (ဖြူး)၊ မွန်ပြည်နယ် (သထုံ)၊ မကွေးတိုင်း(မကွေးမြို့)မြို့နယ်တို့မှ သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ကြပြီး သင်တန်းကို ဇွန် ၇ ရက်မှ ၉ရက်အထိ သုံးရက်တာ သင်ကြားပို့ချလျက်ရှိသည်။

**(သတင်းစဉ်)**

## ယခုအပတ်ထုတ် မြန်မာနယူးစ်ဝီခ်ဂျာနယ်ဖြန့်ချီ

**ရန်ကုန် ဇွန် ၈**

စည်းရုံးရေးကာလ၌ တစ်လမ်းဝင် တစ်လမ်းထွက် ဂါလီငှားပြီး လော်စပီကာတင်ကာ စည်းရုံးရေးဆင်းမည်ဟု မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီမှ ပါတီဝင်တစ်ဦးပြောကြား သတင်းပါရှိသည့် မြန်မာနယူးစ်ဝီခ်ဂျာနယ်အတွဲ(၂)၊ အမှတ်(၃၁)ကို ယနေ့ဖြန့်ချီလိုက်သည်။

ဂျမေကာတွင် မြန်မာလူမျိုး အငြိမ်းစားဘဏ်မန်နေဂျာတစ်ဦးကို ဓားပြများက လည်ပင်းဖြတ်သွားခဲ့၊ မြန်မာနိုင်ငံတွင် ရေဓာတ်ငွေ့ (Water gas)ကို အသုံးပြုပြီး ကားမောင်းနိုင်ပြီ၊ မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေး ပါတီဝင်များကို တွေ့ဆုံမေးမြန်းခြင်း၊ ပြည်ထောင်စု ဒီမိုကရေစီပါတီက မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ စည်းရုံးရေးလုပ်ငန်းများ စတင်လုပ်ဆောင်တော့မည်၊ ကွမ်းခြံကုန်းမြို့နယ် ဒရယ်လူးကျေးရွာ လူသတ်၊ ဓားပြမှုခင်းဖြစ်စဉ်၊ ရွှေကျင်မြို့တွင် ဖမ်းဆီးရမိသည့် လိုင်စင်မဲ့ယာဉ်နဲ့ လက်နက်နှင့် ခဲယမ်းများ၊ မုံရွာမြို့၌ ချင်းတွင်းရတနာဈေးသစ် မီးလောင်ကျွမ်းမှုဖြစ်ပွားဆိုင်ခန်းပေါင်း ၄၀၆ခန်း မီးလောင်ဆုံးရှုံး၊ မြန်မာနိုင်ငံတွင် ဂျပန်နည်းပညာဖြင့် မျိုးစပ်ထားသည့် ထွက်နှုန်းကောင်းသော အုန်းပင်များ လာရောက်စိုက်ပျိုးရန် ဂျပန်စိတ်ဝင်စား၊ မင်္ဂလာဈေးကြီး မီးလောင်ရာ၌ မီးလောင်ဆုံးရှုံးမှုမရှိသော်လည်း ရေကြောင့်ပျက်စီးသွားသည့် ကုန်ပစ္စည်းများကို မြန်မာ့အာမခံလုပ်ငန်းမှ လျော်ကြေးပေးမည်၊ တိုင်းရင်းဆေးလက်မှတ်ကိုင်ဆောင်ဆေးဝါးကုသသူများ အလောင်းအစားဖြင့် ဆေးဝါးကုသလျှင် တိုင်ကြားနိုင်၊ ကလေးမြို့လေယာဉ်ကွင်း တိုးချဲ့တည်ဆောက်မည်၊ ဇန်းမော်မြို့အနီး ဧရာဝတီမြစ်အတွင်း၌ ရွှေရှာခွင့်ထပ်မံခွင့်ပြု၊ ဗီဒီယို အခြေခံအစည်းအရုံးက ခိုးကူးခွေရောင်းချသူများကို အရေးယူ၊ ဧရာဝတီတိုင်းအတွင်း ဝါးခယ်မမြို့ရှိ ဝါးခယ်မမြစ်ရေကို သုတေသနပြုစစ်ဆေးမှုလုပ်မည်၊ ထူးဆန်းအံ့ဖွယ်ရာ ပထမဆုံး ဘိလပ်မြေဖြူဘုရား၊ မြန်မာနိုင်ငံတွင် ဘူမိအပူဓာတ်ဖြင့် လျှပ်စစ်စွမ်းအင်ထုတ်ယူနိုင်သည့် နေရာ ၉၂ နေရာ တွေ့ရှိ၊ ကုလသမဂ္ဂမှ မြန်မာနိုင်ငံအတွင်း ရေရှားပါးမှု အခြေပြမြေပုံ ထုတ်ပြန်၊ တရုတ်နိုင်ငံကို စစ်ရေးမဟာဗျူဟာအရ အမေရိကန်က ဝိုင်းပတ်လျက်ရှိ၊ ကမ္ဘာအနှံ့မှ နိုင်ငံ ၇၅နိုင်ငံသို့ အိုဘားမားက အမေရိကန်အထူးကွန်မန်ဒိုအဖွဲ့များကို လျှို့ဝှက်စွာနေရာချထား၊ အိုဘားမား ဒုတိယသက်တမ်းအနိုင်ရရန် အီရန်ကို တိုက်ကောင်းတိုက်လိမ့်မည်ဟု ဗီဒယ်ကက်စထရိုပြော၊ ဂါဇာသို့သွားသည့် ထောက်ပံ့ရေးသင်္ဘောများ အစ္စရေးရေတပ်မှ တိုက်ခိုက်မှု အရှေ့အလယ်ပိုင်းအား စစ်ထဲသို့ဆွဲသွင်းနိုင် စသည့် နောက်ဆုံးရ ပြည်တွင်းပြည်ပ သတင်းများနှင့်အတူ မြန်မာနယူးစ်ဝီခ် ဂျာနယ်ကို အပတ်စဉ်အင်္ဂါနေ့တိုင်း ထုတ်ဝေဖြန့်ချီလျက်ရှိသည်။

**(သတင်းစဉ်)**



## ပေးအပ်လှူဒါန်း

**ဇွန် ၇ရက်က ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ဘောဂ ရပ်ကွက် တော်ဝင်လမ်းနေ ဦးဝင်း- ဒေါ်သိန်း (ဝင်းမေတ္တာပွဲရုံ) မိသားစုက ကြည့်မြင်တိုင်မြို့နယ် ပန်းတည်း တန်းအသင်း အသင်းသားများ တူညီဝတ်စုံ ဝတ်ဆင်နိုင်ရန်အတွက် ငွေကျပ်၂၅၀၀၀၀တန်ဖိုးရှိ ရှပ်အင်္ကျီ အထည် ၁၀၀ကို ပေးအပ်လှူဒါန်းရာ အသင်းနာယက ဦးတင်ရွှေနှင့် အတွင်းရေးမှူး ဦးစိန်လှိုင်တို့က လက်ခံယူစဉ်။** (မြန်မာ့အလင်း)

## အခြေခံယာဉ်မောင်းသင်တန်းဖွင့်

**ရန်ကုန် ဇွန် ၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနနှင့် ကုန်းလမ်းပို့ဆောင်ရေးတို့ပူးပေါင်းဖွင့်လှစ်သည့် အခြေခံယာဉ်မောင်းသင်တန်းအမှတ်စဉ်(၂၆/၂၀၁၀)သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အုတ်ပုံဆိပ်လမ်းရှိ မီးသတ်ဦးစီးဌာန (ရုံးချုပ်) ကျန်စစ်သားခန်းမ၌ ကျင်းပသည်။

**ဖွင့်လှစ်**

အဆိုပါသင်တန်းကို ဇွန် ၇ရက်မှ ဇူလိုင် ၁၆ရက်အထိ ရက်သတ္တခြောက်ပတ်ကြာ သင်တန်းသား ၃၀ဖြင့် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၁၀ တောင်အာဖရိက ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ

## အုပ်စု (ဆ) နှင့် အုပ်စု (ဇ) တို့မှ ကစားသမားများစာရင်း



➢ စုစည်းရေးသားသူ - မောင်မောင်မြင့်ဆွေ ➢ စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဖြိုး (မြန်မာ့အလင်း)

ကိတ်ပ်တောင်း ဇွန် ၈

၂၀၁၀ တောင်အာဖရိက ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကျင်းပရန် နှစ်ရက်သာလိုတော့သည်။ နိုင်ငံတကာမှ ခြေစစ်ပွဲအောင် နိုင်ငံကိုယ်စားပြု ဘောလုံးအသင်း ၃၂သင်းလည်း ပြိုင်ပွဲကျင်းပမည့် အိမ်ရှင်တောင်အာဖရိကနိုင်ငံသို့ ရောက်ရှိနေကြပြီဖြစ်သည်။ ပြိုင်ပွဲဝင်ဘောလုံးအသင်းများ၏ အုပ်စုအလိုက်ကစားသမားများစာရင်းအနက် ကျန်ရှိနေသည့် အုပ်စု(ဆ)နှင့် (ဇ)တို့မှ အသင်းများ၏ ကစားသမားများစာရင်းကို ဆက်လက်ဖော်ပြလိုက်ရပါသည်-

### အုပ်စု (ဆ)

#### ဘရာဇီးအသင်း

**ဂိုး** - ဆီဇာ(အင်တာမီလန်)၊ ဒိုနီ(ရိုးမား)၊ ဂိုမက်(စပါး)

**နောက်တန်း** - မိုင်ကွန်(အင်တာမီလန်)၊ အဲလ်ဗက်စ်(ဘာစီလိုနာ)၊ ဘက်စတို့စ် (လိုင်ယွန်)၊ ဂီလ်ဘာတို(ခရူဇီရို)၊ လူစီယို(အင်တာမီလန်)၊ ဂျွန် (ရိုးမား)၊ လူရီဆာရို(ဘင်ဖီကာ)၊ ဆေးလ်ဗား(အေစီမီလန်)

**အလယ်တန်း** - ဂီလ်ဘာတိုဆေးလ်ဗား(ပနာသီနာကို့စ်)၊ မီလို(ဂျူဗင်းတပ်စ်)၊ ရာမီရက်စ်(ဘင်ဖီကာ)၊ အီလာနို(ဂါလာတာစာရေး)၊ ကာကာ (ရီရဲမက်ဒရစ်)၊ ဘာတစ်စတာ (ရိုးမား)၊ ကလီဘာဆင်(ဖလာမင်ဂို)၊ ဂျိုဆူး(ဝုဖ်ဘတ်ဂ်)

**ရှေ့တန်း** - ရော်ဘင်ဟို(ဆန့်တို့စ်)၊ ဖေဘီယာနို(ဆီဗီလာ)၊ နီမာရာ(ဗီလာရီရဲ)၊ ဂရာဖီတီ(ဝုဖ်ဘတ်ဂ်) တို့ဖြစ်ကြသည်။

#### အိုင်ဗရီကို့စ်

**ဂိုး** - ဘာရီ(လိုကီရမ်)၊ ဇိုဘို(မက္ကဆီ)၊ ယီဘော့(အေဆက်)

**နောက်တန်း** - ဘမ်ဘာ(ဟိုင်ဘီမင်)၊ ဘိုကာ(စတုဂတ်)၊ အင်ဂူရာ(ဗလန်စီနက်စ်)၊ ဒီမဲလ်(ဟမ်းဘတ်)၊ အီဘူး(အာဆင်နယ်)၊ ဂိုဟူရီ (ဝီဂန်)၊ တီအီနေ(ဗလန်စီနက်စ်)၊ ကိုလိုတိုရေး(မန်စီးတီး)

**အလယ်တန်း** - ဂိုဆို(မိုနာကို)၊ ကီတာ(ဂါလာတာစာရေး)၊ အီမန်နျူယယ်(အာဂတ်စ်)၊ ဂါဗင်ဟို(လိုင်လီ)၊ ရိုမာရစ်(ဆီဗီလာ)၊ တီအိုတေး (တီဝမ်တီ)၊ ယာယာတိုရေး(ဘာစီလိုနာ)၊ ဇိုကိုရာ(ဆီဗီလာ)

**ရှေ့တန်း** - ဒင်ဒိန်း(လက်ဝီယာ)၊ ဒရော့ဘာ(ချယ်လ်ဆီး)၊ ကာလူး(ချယ်လ်ဆီး)၊ ဘာကာရီ(မာဆေးလ်) တို့ဖြစ်ကြသည်။

#### ပေါ်တူဂီအသင်း

**ဂိုး** - အီဒူရာဒို(ဘီရာဂါ)၊ ဖီမင်ဒတ်စ်(အီရာကစ်)၊ ဘီတို(ပေါ်တို)

**နောက်တန်း** - မီဂွယ်(ဗလင်စီယာ)၊ ဖရဲရား(ချယ်လ်ဆီး)၊ ကာဗယ်ဟို (ချယ်လ်ဆီး)၊ အဲလ်ဗက်စ်(ပေါ်တို)၊ ရိုလန်ဒို(ပေါ်တို)၊ ရီကာဒိုကော်စတာ(လိုင်လီ)၊ ဒူဒါ(မာလာဂါ)၊ ဖာဘီရို(ဘင်ဖီကာ)

**အလယ်တန်း** - မင်ဒတ်စ်(စပို့တင်း)၊ ပီပီ(ရီရဲမက်ဒရစ်)၊ တီယာဂို(အက်သလက်တီကို)၊ ဒေကို(ချယ်လ်ဆီး)၊ မီရီလက်စ်(ပေါ်တို)၊ ဗီလိုဆို (စပို့တင်း)

**ရှေ့တန်း** - ဆာဘရိုဆာ(အက်သလက်တီကို)၊ ဒန်နေး(ဇင်းနစ်)၊ လိုင်ဒီဆင် (စပို့တင်း)၊ အယ်လ်မေးဒါ(ဝါဒါဘရီမင်)၊ စီရိုနယ်ဒို(ရီရဲမက်ဒရစ်)၊ အမိုရာ(ဘင်ဖီကာ)တို့ဖြစ်ကြသည်။

#### မြောက်ကိုရီးယားအသင်း

**ဂိုး** - ကင်မြောင်ကီ(အမ်ရိုဂန်)၊ ကင်မြောင်ဝမ်(အမ်ရိုဂန်)၊ ရီမြောင်ဂွတ်(ပြုံယမ်းစီးတီး)

**နောက်တန်း** - အင်ချောဟွက်စ်(ရင်ယောင်ဆူ)၊ အင်ယောင်ဟက်(အိုမီယာ)၊ ချာချောင်ဟွက်ခ်(အမ်ရိုဂန်)၊ ချို့ကမ်ချောလ်(ဧပြီ ၂၅)၊ ဟောင်ယောင်ဂျို(ရိုစတော့ဗ်)၊ ကျီယန်နမ်(ဧပြီ ၂၅)၊ ဂျောင်တေးစီ (ကဝါစကီ)၊ ကင်ကမ်လီ(ဧပြီ ၂၅)

**အလယ်တန်း** - ကင်ကျောင်အီ(ရင်ယောင်ဆူ)၊ ကင်ယောင်ဂျွန်(ပြုံယမ်းစီးတီး)၊ မန်အင်ဂွတ်(ဧပြီ ၂၅)၊ နမ်ဆောင်ကိုးလ်(ဧပြီ ၂၅)၊ ပက်ချိုဂျင် (အမ်ရိုဂန်)၊ ပက်နမ်ချိုလ် (ဧပြီ ၂၅)

**ရှေ့တန်း** - ပက်ဆောင်ဟွတ်ခ်(ဆိုဘက်ဆူ)၊ ရီချိုမြောင်(ပြုံယမ်းစီးတီး)၊ ရီဂျွန်အီ(ဆိုဘတ်ဆူ)၊ ရီကျောင်ချွမ်(ဧပြီ ၂၅)၊ ရီကျောင်ဟွတ်ခ် (ကွမ်ဂွန်ဂို့)တို့ဖြစ်ကြသည်။

### အုပ်စု (ဇ)

#### ချီလီအသင်း

**ဂိုး** - ဘီရာဗို(ရီရဲဆိုစီဒက်)၊ ပင်တို(ယူနီဗာစီဒက်)၊ မာရင်(ယူနီယံ)

**နောက်တန်း** - ပါဘီရို(ပါကို)၊ ဖန်တက်စ်(ယူနီဗာစီဒက်)၊ အီစလာ(အူဒီးနိစ်)၊ မီဒယ်လ်(ဘိုကာဂျူနီယာ)၊ ဂျာကာ(ဝက်စ်ရှမ်း)၊ ပွန်စီ(ယူနီဗာစီဒက်)၊ ဗီဒယ်လ် (ဘေယာလေဗာကူဆင်)၊ ကာမိုရာ (ရက်ဂျီးနား)

**အလယ်တန်း** - အီစတာဒါ(ယူနီဗာစီဒက်)၊ ဖီမန်ဒက်ဇ်(စပို့တင်း)၊ ဖီအီရို(ဖလာမင်ဂို)၊ မီလာ (ကိုလိုကိုလို)၊ ရိုဒရီကို(ဘီဆစ်တပ်ခ်)၊ ဗာဒီဘီရာ(အယ်လ်အေအင်န်)

**ရှေ့တန်း** - ဘက်စီဂျူရာ(အမေရိကန်)၊ မက်ဂွန်ဇာလက်ဇ်(စီအက်စ်ကေအေ)၊ အိုရီလာနာ(စီရက်ဇ်)၊ ပါရီဒက်ဇ်(ကိုလိုကိုလို)၊ ဆန်ချက်ဇ်(အူဒီးနိစ်)၊ ဆွာဇို(ရီရဲဇာရာဂိုဇာ)တို့ဖြစ်ကြသည်။

#### ဟွန်ဒူးရပ်စ်အသင်း

**ဂိုး** - ကာနာလက်စ်(မွန်တာဂွါ)၊ ဗာလာဒါရက်စ်(အိုလံပီယာ)၊ အက်စကိုဘာ(အိုလံပီယာ)

**နောက်တန်း** - ဘီမာဒက်ဇ်(အန်ဒါလက်ချ်)၊ ဖီဂီရိုအာ(ဝီဂန်)၊ ဂါစီယာ (အိုလံပီယာ)၊ မင်ဒိုဇာ(မွန်တာဂွါ)၊ အီမီလို(မွန်တာဂွါ)၊ ပလာစီယပ်စ်(အိုလံပီယာ)၊ မာရီစီယို(ဟန်ဆော့ဖ်)၊ ချာဗက်ဇ်(ပလာတင်စီ)

**အလယ်တန်း** - အယ်ဗာရက်ဇ်(ဘာရီ)၊ ဒီလီဗွန်(တိုရီနို)၊ အီစပီနိုဇာ(ကင်ဆက်စ်)၊ ဂွီဘာရာ(မွန်တာဂွါ)၊ နူနက်ဇ်(အိုလံပီယာ)၊ ဝီလ်ဆင်(စပါး)၊ သောမတ်စ်(ဝီဂန်)၊ ဒါနီလို(အိုလံပီယာ)

**ရှေ့တန်း** - ဒေးဗစ်ဆွာဇို(ဂျီနိုအာ)၊ ဝီကိုမီ(မွန်တာဂွါ)၊ ပါဗွန်(ရီရဲအီစပါနာ)၊ မာတီနက်ဇ်(မာရက်သွန်)တို့ဖြစ်ကြသည်။

#### စပိန်အသင်း

**ဂိုး** - ကာဆီးလက်စ်(ရီရဲမက်ဒရစ်)၊ ရေးနား(လီဗာပူး)၊ ဗက်ဒက်စ်(ဘာစီလိုနာ)

**နောက်တန်း** - အယ်ဘီရော(ရီရဲမက်ဒရစ်)၊ အက်ဘီယိုလာ(ရီရဲမက်ဒရစ်)၊ ကာဒီဗီလာ(ဗီလာရီရဲ)၊ မာချေနာ(ဗလင်စီယာ)၊ ပီကေး(ဘာစီလိုနာ)၊ ပူယိုးလ်(ဘာစီလိုနာ)၊ ရာမို့စ်(ရီရဲမက်ဒရစ်)

**အလယ်တန်း** - အလွန်ဆို(ရီရဲမက်ဒရစ်)၊ ဆာဂျီလို(ဘာစီလိုနာ)၊ ဖာဘရီဂတ်စ် (အာဆင်နယ်)၊ အင်နီယေစတာ(ဘာစီလိုနာ)၊ မာတီနက်ဇ်(ဘီလ်ဘာအို)၊ ဒေးဗစ်ဆေးလ်ဗား(ဗလင်စီယာ)၊ ဆာဗီး(ဘာစီလိုနာ)

**ရှေ့တန်း** - နာဗက်စ်(ဆီဗီလာ)၊ မာတာ(ဗလင်စီယာ)၊ ရိုဒရီဂွက်ဇ်(ဘာစီလိုနာ)၊ ဖီမင်ဒို(ဘီလ်ဘာအို)၊ တောရက်စ်(လီဗာပူး)၊ ဒေးဗစ်ဗီလာ(ဗလင်စီယာ)တို့ဖြစ်ကြသည်။

#### ဆွစ်ဇာလန်အသင်း

**ဂိုး** - ဘီနာဂီလို(ဝုဖ်ဘတ်ဂ်)၊ လီရိုနီ(ဇူးရစ်)၊ ဝူဖီလ်(ယန်းဘွိုင်း)

**နောက်တန်း** - လီချက်စတီနာ(လာဇီယို)၊ ခရစ်တင်း(အော့ဇေး)၊ ဗွန်ဘာဂန်(ဟာသာဘာလင်)၊ ဆန်ဒရို့စ်(အာဆင်နယ်)၊ မာရီရို(ဟန်နိုဗာ)၊ စပါချာ(ဖရန့်ဖတ်)၊ ရီတိုဖိုင်ဂလာ(ဆမ်ဒိုးရီးယား)

**အလယ်တန်း** - ဘက်ချ်ရာမီ(ဝက်စ်ဟမ်း)၊ အင်လာ(အူဒီးနိစ်)၊ ဟူဂယ်လ်(ဘေဆယ်)၊ ဖီမင်ဒက်စ်(စိန့်အီတီယန်)၊ ဆွာကီရီ(ဘေဆယ်)၊ ပီရာမင် (ဖရန့်ဖတ်)၊ ဘာမီတာ (ဘေယာလေဗာကူဆင်)၊ ပါဒါလီနို(ဆမ်ဒိုးရီးယား)

**ရှေ့တန်း** - အက်လက်ဖာရီ(ဘေဆယ်)၊ အင်ကူဖို(တွမ်ကီ)၊ ဒီယာယော့ခ်(ဘေယာလေဗာကူဆင်)၊ ယာကင်(လူစီမီ)၊ စထရီလာ(ဘေဆယ်)တို့ဖြစ်ကြသည်။

ကိုးကား-အင်တာနက်

## မြန်မာ့အလင်း ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံးရသတင်းများ

အာကာဟိန်း - စုစည်းတင်ပြသည်

### အင်္ဂလန်ဘောလုံးသမားငါးဦး မလေ့ကျင့်နိုင်

တောင်အာဖရိကနိုင်ငံသို့ ရောက်ရှိနေသော အင်္ဂလန်ဘောလုံးအသင်းမှ တယ်ရီ၊ လမ်းပတ်၊ အက်ရှ်လေကိုး၊ ဒေးဗစ်ဂျိမ်းစ်နှင့် ဘယ်ရီတို့သည် အပူချိန်မြင့်မားနေမှုကြောင့် ဇွန် ၈ရက်က လေ့ကျင့်ကွင်း မဆင်းနိုင်ခဲ့ကြောင်း အင်္ဂလန်အသင်းမှ သတင်းထုတ်ပြန်သည်။

### ဒဏ်ရာကြောင့် ရော်ဘင် ပွဲချိန်ပြည့်မကစားနိုင်

ဟန်ဂေရီနှင့်ပွဲတွင် ဝဲဘက်ခြေထောက် တံကောက်ကြောဒဏ်ရာ ဆိုးရွားစွာရရှိခဲ့သည့် နယ်သာလန် တောင်ပံကစားသမား ရော်ဘင်၏ ဒဏ်ရာ မသက်သာသဖြင့် အချိန်ပိုင်းသာ ပါဝင်ကစားနိုင်မည့် အနေအထားရှိကြောင်း နယ်သာလန်အသင်းက ဇွန် ၈ရက်၌ သတင်းထုတ်ပြန်သည်။

### နောက်ခံလူ အက်ရှ်လေကိုး ဒဏ်ရာ မသက်သာ

ဒူးဒဏ်ရာရရှိပြီးနောက် ပြန်လည်ကစားနိုင်သဖြင့် အင်္ဂလန်အသင်းတွင် ရွေးချယ်ခေါ်ယူခဲ့သော နောက်ခံလူ အက်ရှ်လေကိုး၏ ဒူးဒဏ်ရာမှာ နာကျင်မှုဝေဒနာ ပြန်လည်ခံစားနေရသဖြင့် ဆရာဝန်နှင့် ကုသမှုခံယူနေရကြောင်း နည်းပြ ကာပယ်လိုက အတည်ပြုပြောကြားသည်။

### ဒဏ်ရာကြောင့် ဒရော့ဘာ ကစားနိုင်ရေး မသေချာ

ဂျပန်အသင်းနှင့် ခြေစမ်းပွဲကစားစဉ် လက်ဖျံရိုးကျိုးခဲ့သည့် အိုင်ဗရီကို့စ် တိုက်စစ်မှူး ဒရော့ဘာ၏ဒဏ်ရာမှာ မသက်သာသဖြင့် ပွဲစဉ်အများအပြား၌ ပါဝင်ကစားနိုင်ရေးမှာ မသေချာကြောင်း၊ ဆေးကုသမှု ခံယူနေရဆဲဖြစ်ကြောင်း အိုင်ဗရီကို့စ်အသင်း တာဝန်ရှိသူများက ဇွန် ၈ရက်၌ ပြောကြားသည်။

### တောင်အာဖရိကသို့ အမေရိကန်ပရိသတ်များစတင်ရောက်ရှိ

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြည့်ရှုရန် လက်မှတ်ပေါင်း ၁၃၀၀၀၀ ကို ဝယ်ယူထားသော အမေရိကန်ဘောလုံးပရိသတ်များသည် တောင်အာဖရိကနိုင်ငံ ကိတ်ပ်တောင်းမြို့သို့ ဇွန် ၈ရက်က စတင်ရောက်ရှိလာနေကြကြောင်း တောင်အာဖရိက အားကစားအရာရှိများက ပြောကြားသည်။

### ဒီဂိုဖော်လန် ဒူးဒဏ်ရာရရှိ

တောင်အာဖရိကနိုင်ငံသို့ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ရန် ရောက်ရှိနေသော ဥရုဂွေး အသင်းသည် ဇွန် ၈ရက်၌ လေ့ကျင့်ကွင်းဆင်းစဉ် တိုက်စစ်မှူး ဒီဂိုဖော်လန် ဒူးဒဏ်ရာရရှိခဲ့ကြောင်း၊ ဆေးစစ်မှုပြုလုပ်ခဲ့ရာ စိုးရိမ်ဖွယ်မရှိကြောင်း ဥရုဂွေးအသင်းမှ တာဝန်ရှိသူများက ပြောကြားသည်။

### ပေါ်တူဂီခံစစ်မှူး ပီပီ ပါဝင်ကစားနိုင်မည်

ပေါ်တူဂီခံစစ်မှူး ပီပီသည် ဒူးဒဏ်ရာကြောင့် လေ့ကျင့်မှုများသာပြုလုပ်နေခဲ့သော်လည်း ဇွန် ၈ရက်၌ မိုဇမ်ဘစ်အသင်းနှင့် ခြေစမ်းပွဲကစားရာတွင် ပါဝင်ကစားနိုင်ခဲ့သဖြင့် ကမ္ဘာ့ဖလားပွဲစဉ်များ၌ ပွဲချိန်ပြည့် ထည့်သွင်းကစားစေမည်ဖြစ်ကြောင်း နည်းပြ ကွီရော့ဇ်က ဇွန် ၈ရက်၌ ပြောကြားသည်။

### ပေါ်တူဂီ ကွင်းလယ်ကစားသမား နာနီ မပါဝင်နိုင်တော့

တောင်အာဖရိကနိုင်ငံသို့ သွားရောက်မည့်ရက်မတိုင်မီ ဇွန် ၇ရက်က လစ္စဘွန်းမြို့ လေ့ကျင့်ရေးကွင်း၌ ကစားဖော်များနှင့်လေ့ကျင့်ကွင်းဆင်းစဉ် ပခုံးဒဏ်ရာရရှိခဲ့သဖြင့် ကွင်းလယ်ကစားသမား နာနီကို ချန်လှပ်ထားခဲ့ရပြီး ဘင်ဖီကာမှ အမိုရာအား အမြန်အစားထိုးခဲ့ရကြောင်း ပေါ်တူဂီအသင်းက ဇွန် ၈ရက်၌ သတင်းထုတ်ပြန်သည်။

### ဂျိုဟန်နစ္စဘတ်မြို့ ဘောလုံးကွင်း၌ ခိုက်ရန်ဖြစ်ပွား

တောင်အာဖရိကနိုင်ငံ ဂျိုဟန်နစ္စဘတ်မြို့ဘောလုံးကွင်း၌ နိုင်ဂျီးရီးယားနှင့် မြောက်ကိုရီးယားအသင်းတို့ ခြေစမ်းပွဲကစားရာ ဘောလုံးကွင်းအပြင်ဘက်၌ ပရိသတ်များအချင်းချင်း ခိုက်ရန်ဖြစ်ပွားသဖြင့် ပရိသတ် ၁၆ဦးနှင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦးတို့ ဒဏ်ရာရရှိခဲ့ကြောင်း တောင်အာဖရိက ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကျင်းပရေး ကော်မတီက ဇွန် ၈ရက်၌ သတင်းထုတ်ပြန်သည်။

(အင်တာနက်)

## တောင်ဥက္ကလာပ၌ မီးလောင်မှုကြောင့် နေအိမ်နှစ်လုံး မီးလောင်ဆုံးရှုံး

နေပြည်တော် ဇွန် ၈

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၁၁)ရပ်ကွက်၌ ဇွန် ၇ရက် နံနက် ၉နာရီခွဲကျော်ခန့်က နေအိမ် မီးကြွင်းမီးကျန်မှ တစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့် နေအိမ်နှစ်လုံး မီးလောင်ဆုံးရှုံးပြီး အိမ်ရှင်၏ မြေးတော်သူ လေဖြတ်နေသည့် အသက်(၄၀)ခန့် အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း၊ အိမ်ရှင်အား တောင်ဥက္ကလာပရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**မီးကြွင်းမီးကျန် မထားရန် ကျင့်ကြံသတိ အမြဲရှိ**

# မျှော်လင့်စောင့်စား ကမ္ဘာ့ဖလား ရင်မှအမှန် စကားသံ . . . .

> အမေး အရေး - မောင်မောင်မြင့်ဆွေ > ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း) > စာမျက်နှာဖွဲ့စည်းမှု - မင်းထွန်း (မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၈

(၁၉)ကြိမ်မြောက် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို တောင်အာဖရိကနိုင်ငံတွင် ဇွန် ၁၁ရက်၌ ကျင်းပတော့မည်ဖြစ်သည်။ ကမ္ဘာတစ်ဝန်းမှ ပရိသတ်များလည်း ရင်ခုန်စွာစောင့်မျှော်နေကြပြီဖြစ်ရာ အလွှာစုံမှပရိသတ်များ၏ ဖွင့်ဟစကားသံများကို မြန်မာ့အလင်းသတင်းအဖွဲ့က ကွင်းဆင်းကာ တွေ့ဆုံမေးမြန်းခဲ့မှုများကို ဖော်ပြရပါလျှင်-



### ဦးစိုးမိုး (MNL မီဒီယာဒါရိုက်တာ)

*“ကမ္ဘာ့ဖလားဘောလုံးပွဲတိုင်းဟာ မထင်မှတ်တာတွေ ဖြစ်လေ့ရှိပါတယ်။ အကြိုက်ဆုံး အသင်းတွေကတော့ စပိန်၊ ဘရာဇီး၊ အာဂျင်တီးနားနဲ့ အင်္ဂလန်အသင်းတွေပါပဲ။ အဲဒီအသင်းတွေက ပြင်ဆင်မှုနဲ့ ဖွဲ့စည်းမှုလည်းကောင်းကြတယ်။ နောက်ပြီး ဟော်လန်ကိုလည်း သဘောကျတယ်။ ခြေစစ်ပွဲနဲ့ ခြေစမ်းပွဲတွေအပေါ်သုံးသပ်ရရင် ဟော်လန်အသင်းလည်း ကမ္ဘာ့ဖလားကို မှန်းနိုင်တာပါပဲ။ ရွှေဖိနပ်ဆုကတော့ မထင်မှတ်တဲ့သူတွေရသွားနိုင်တယ်။ အထူးသဖြင့် နောက်ဆုံးဗိုလ်လုပွဲအထိ တက်ရောက်နိုင်တဲ့အသင်းက ဘောလုံးသမားတွေပိုပြီးမျှော်လင့်နိုင်တာပေါ့။ ကျွန်တော့်အကြိုက်ကတော့ မက်ဆီ၊ ရွှန်နေ၊ ဗီလာတို့ထဲက တစ်ဦးဦးများရသွားမလားလို့ ယူဆမိတယ်”*



### ပြေဖြိုး

### (သရုပ်ဆောင်)

“ကမ္ဘာ့ဖလားပွဲကိုတော့ ပွဲတိုင်း မလွတ်တမ်းကြည့်ရမှာပါပဲ။ ခြေစစ်ပွဲရလဒ်တွေနဲ့ ကစားခဲ့တာတွေကြည့်ပြီး ပြောရရင်တော့ စပိန်အသင်းကို အကြိုက်ဆုံးလို့ပြောရမှာပါ။ လူငယ်တွေ ပါဝင်နေတာမို့ ကစားတာအားရဖို့ ကောင်းပါတယ်။ ဒါပေမယ့် အာဂျင်တီးနားနဲ့ ဂျာမနီအသင်းတွေကိုလည်း နှစ်သက်တယ်။ အဲဒီအသင်းတွေက ကစားသမားဖွဲ့စည်းမှုကောင်းတယ်။ ခြေစွမ်းထက်ပြီး အတွေ့အကြုံရှိတဲ့ကစားသမားကောင်းတွေ အများကြီးပါဝင်နေတယ်။ ဒါကြောင့် သဘောကျတာပါ။ ရွှေဖိနပ်ဆုကိုတော့ စပိန်အသင်းကဘောလုံးသမားတစ်ဦးဦးရရှိမယ်လို့ ထင်ပါတယ်”



### ဒေါက်တာ ဒေါ်ဇင်မာကျော်

### (ကထိက၊ သမိုင်းဌာန)

“ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ည ၈နာရီခွဲ ပွဲစဉ်တွေကို ကြည့်ဖြစ်မှာပါ။ ဘရာဇီးအသင်းကို အားပေးနေကျမို့ ဘရာဇီးအသင်း ကစားတဲ့ပွဲတွေကို ဦးစားပေး ကြည့်ရှုဖို့တော့ ဆုံးဖြတ်ထားတယ်။

ဘရာဇီးအသင်းက ကမ္ဘာ့ဖလားသမိုင်းမှာ ဖလားအများဆုံးရရှိထားတဲ့အသင်းလည်း ဖြစ်တာမို့ ဒီဂုဏ်သိက္ခာကို မဖြစ်မနေထိန်းသိမ်းပြီး ဒီနှစ်ကမ္ဘာ့ဖလားမှာလည်း အောင်ပွဲဆင်နိုင်မယ်လို့ ထင်ပါတယ်”

### ဦးအောင်မော်

### (ညောင်ပင်လေးဈေး၊ ဂျီ-၁၂ ဆိုင်ပိုင်ရှင်)

“ဘရာဇီးအသင်းကို အားပေးမယ်။ ဘရာဇီးအသင်းဗိုလ်စွဲမယ်လို့ ထင်ပါတယ်။ ဘရာဇီး အသင်းဟာ အတွေ့အကြုံနဲ့ တစ်ဦးချင်း ဘောလုံးအရည်အသွေးပြည့်ဝမှုက တခြားအသင်းတွေထက် ပိုပြီးမြင့်မားပါတယ်။ အခက်အခဲကြားက ဂိုးသွင်းနိုင်မှုနဲ့ စိတ်ဓာတ်ပိုင်းတွေမှာ ဘရာဇီးကစားသမားတွေကို သဘောအကျဆုံးပါပဲ။ ရွှေဖိနပ်ဆုကိုတော့ ပွဲများများကစားခွင့်ရရင် ရွှန်နေ ရသွားနိုင်ပါတယ်။ လက်ရှိအနေအထားမှာ ရွှန်နေဟာ ထက်မြက်မှုအရှိဆုံးနဲ့ တစ်ဖက်အသင်း နောက်တန်းခံစစ်မှူးတွေကို ကျော်လွှားပြီး ထိုးဖောက် ဂိုးသွင်းအားအကောင်းဆုံး လူငယ်တိုက်စစ်မှူး တစ်ဦး ဖြစ်နေလို့ပါပဲ”





### ဦးမောင်မောင်မြင့်

### (ရန်ကုန်-ဒလ စက်တပ်ရေယာဉ်ဂိတ်မှူး)

*“လေးနှစ်တစ်ကြိမ် ကျင်းပတဲ့ပွဲဆိုတော့ ပွဲစဉ်အတော်များများကြည့်ဖြစ်မှာပါ။ ကျွန်တော့်ရဲ့ အကြိုက်ကတော့ စပိန်အသင်းဗိုလ်စွဲမယ်လို့ ထင်ပါတယ်။ ယူရို ၂၀၀၈မှာလည်း ခြေစွမ်းက ထိပ်တန်းဖြစ်ခဲ့တဲ့အပြင် ခြေစစ်ပွဲတွေမှာ ကစားခဲ့တာတွေကြည့်ပြီး ပြောရရင်တော့ ဒီကမ္ဘာ့ဖလား ဘောလုံးပွဲမှာတော့ စပိန်မြေကို ကမ္ဘာ့ဖလားကြီး သယ်ဆောင်သွားမယ်လို့ ယူဆပါတယ်”*



### မဖူးပြည့်ပြည့်စိုး

### (တတိယနှစ်၊ သတင်းအတတ်ပညာ)

*“သမီးက ဘရာဇီးပရိသတ်ပါ။ ဘရာဇီးကစားတဲ့ ပွဲစဉ်တိုင်း ကြည့်ရှုအားပေးမယ်လို့ စဉ်းစားထားပါတယ်။ ဘရာဇီးအသင်းဟာ ဘယ်ဘောလုံးပွဲမဆို တည်တည်ငြိမ်ငြိမ်နဲ့ သိက္ခာရှိရှိ ကစားနိုင်တဲ့အပြင် အနိုင်ရအောင်လည်း ဖန်တီးနိုင်တဲ့ကစားသမားတွေ ပါဝင်နေတာမို့ အားရစရာကောင်းပါတယ်။ အင်္ဂလန်အသင်းကိုလည်း သဘောကျပေမယ့် ပွဲရလဒ်ပိုင်းကိုကြည့်ရင် ဘရာဇီးက ပိုပြီးစိတ်ချယုံကြည်ရလို့ ဖြစ်ပါတယ်”*

### ကိုခင်မောင်သောင်း

### (အ/၇၆၂၀အငှားယာဉ်မောင်း)

“ကမ္ဘာ့ဖလားပွဲကြည့်ဖို့ အခုကတည်းက ရင်ခုန်နေပါပြီ။ ပွဲတိုင်းနီးပါးကြည့်ဖြစ်မှာပါ။ ဒါပေမယ့် အလုပ်ကိုလည်း မထိခိုက်အောင် အသင်းရွေးချယ်ပြီး အားပေးဖို့တော့ စဉ်းစားထားတယ်။ ကျွန်တော်က အင်္ဂလန်ကို အကြိုက်ဆုံးပါပဲ။ ဒုတိယအကြိုက်ဆုံးက ပေါ်တူဂီအသင်းဖြစ်ပါတယ်။အင်္ဂလန်ဟာ ဒီနှစ်ကမ္ဘာ့ဖလားကို ကိုင်မြှောက်နိုင်ဖို့ ကစားသမားတွေမှာ အရည်အချင်းကိုယ်စီရှိနေပါတယ်။ နည်းပြကာပယ်လိုကလည်း အစီအမံကောင်းတာမို့ အင်္ဂလန်တို့ ကမ္ဘာ့ဖလားရသွားနိုင်ပါတယ်”





### ကိုမြင့်ဟိန်း

### (ရန်ကုန်-အိမ်မဲသဘော်သား)

“ကမ္ဘာ့ဖလား ဘောလုံးပွဲတွေကို ညဦးပိုင်းပွဲစဉ်တွေ ကြည့်ဖြစ်မှာပါ။ အလုပ်ချိန်နဲ့တွက်ပြီး ကြည့်ရှုအားပေးဖို့ ဆုံးဖြတ်ထားတယ်။ ကျွန်တော်က ဂျာမနီအသင်းကို သဘောကျတယ်။ ဂျာမနီအသင်းရဲ့ ကြိုးစားအားထုတ်မှုက အားရစရာပါပဲ။ ဘောလက်မပါပေမယ့် လူငယ်ခြေတက်တွေက အားကိုးနေရပါပြီ။ ဂျာမနီအသင်းအခြေအနေ ကောင်းနိုင်မယ်လို့ ထင်ပါတယ်”ဟု ရင်တွင်းစကားများကို အသီးသီးဖွင့်ဟသွားပါကြောင်း။ ။

(မြန်မာ့အလင်း)



## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မူဆယ်၌ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

မူဆယ် ဇွန် ၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့နယ် (၁၀၅)မိုင်ဇုန်အနီး ရန်တိုင်းအောင်စေတီတောင်ခြေတစ်ပိုက်တွင် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မူဆယ်ခရိုင်၊ မြို့နယ်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီက ကြီးမှူး၍ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၃ ရက် နံနက် ၈နာရီခွဲက ကျင်းပရာ မူဆယ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းမင်းဇော်က အဖွင့်အမှာစကား ပြောကြားပြီး မူဆယ်ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ခင်ဦးက ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ရသည့်အကြောင်း ရှင်းလင်းတင်ပြသည်။

### စိုက်ပျိုး

ယင်းနောက် ခရိုင်၊ မြို့နယ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူ ၅၀၀ခန့်က ဆူးထင်းရှူး၊ ယမနေ၊ မဲဇလီ၊ စွယ်တော်သစ်လှ၊ သစ်ပင်ငါးမျိုး အပင်ပေါင်း ၃၀၀၀ကို တပျော်တပါး စိုက်ပျိုးကြသည်။ **(အပေါ်ပုံ)**

### ပြသ

ဆက်လက်၍ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ခင်ဦးနှင့်အဖွဲ့သည် မူဆယ်မြို့နယ် မိုင်းယုကျေးရွာ အလက(ခွဲ)ကျောင်းတွင် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ပညာပေးဟောပြောပွဲကို ကျင်းပပြီး ကျောင်းသား ကျောင်းသူများအား သက်ရှိလောကတည်မြဲဖို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစို့ ပညာပေးမှတ်တမ်းခွေကို ပြသပေးခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**

## မြန်မာနိုင်ငံဗိသုကာအသင်းပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲ

ရန်ကုန် ဇွန် ၈

မြန်မာနိုင်ငံဗိသုကာအသင်းမှ စီစဉ်ကျင်းပသော ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲ (၄/၂၀၁၀)ကို ဇွန် ၁၂ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံ(လှိုင်တက္ကသိုလ်နယ်မြေဝင်း)မြေညီထပ် Seminar Room တွင် ကျင်းပမည်ဖြစ်သည်။ ယင်းဆွေးနွေးပွဲတွင် Commercial Hotel Planning ခေါင်းစဉ်ကိုဦးစည်သူမြင့်ဆွေက ဟောပြောဆွေးနွေးမည် ဖြစ်သည်။ CPD Talk ဖြစ်သဖြင့် Registered Architects များ မပျက်မကွက်တက်ရောက်ရန်ဖြစ်ပြီး စိတ်ပါဝင်စားသူ မည်သူမဆို ဖုန်း-၀၉-၈၇-၆၃၅၀၀၊၀၉-၅၁-၁၆၉၈၂၊ ၀၁-၇၂၃၁၀၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

**(မြန်မာ့အလင်း)**

## အိုလံပစ်နေ့အထိမ်းအမှတ် ပိုက်ကျော်ခြင်းပြိုင်မည်

ရန်ကုန် ဇွန် ၈

၂၀၁၀ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲကို ရန်ကုန်မြို့ သုဝဏ္ဏပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲရုံ၌ ဇွန် ၂၀ ရက်မှ ၂၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲတွင် အမျိုးသားအလွတ်တန်း၊ လူသစ်တန်းနှင့် အမျိုးသမီးအလွတ်တန်း သုံးယောက်တွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲများ ကျင်းပမည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်လိုသော အသင်းများသည် ဇွန် ၁၇ရက် ညနေ ၄နာရီနောက်ဆုံးထား၍ မြန်မာနိုင်ငံပိုက်ကျော်ခြင်း အဖွဲ့ချုပ် (သုဝဏ္ဏ)ဖုန်း-၅၇၇၄၆၁သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပြီး ဆုကြေးငွေများကိုလည်း တိုက်တန်စွာ ချီးမြှင့်ပေးမည်ဖြစ်သည်။

**(မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်)**

## ငါးရစ်၊ ငါးသန်ရှာဖွေမှုများအား ကာကွယ်တားဆီး

ဝေါ ဇွန် ၈

ပဲခူးတိုင်း ဝေါမြို့နယ် မိုးယွန်းကြီးအင်းဘေးမဲ့သစ်တောကြိုးဝိုင်းအတွင်းသို့ ငါးရစ်၊ ငါးသန်ရှာဖွေမှုများအား ကြီးကြပ်စစ်ဆေးဆောင်ရွက်ရန်အတွက် ဝေါမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဦးသက်အေး၊ ပဲခူးခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဒုတိယဦးစီးမှူး ဦးရန်ကင်းနှင့် တိုင်း၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများသည် မေ ၂၄ ရက်က ရှောင်တခင်ဝင်ရောက်စစ်ဆေးရာ ငါးရစ် ငါးရှာဖွေရာတွင် အသုံးပြုသည့် ဘက်ထရီ ဂေါ်ထိုးကျဉ်စက် ရှစ်စုံ၊ ငါးဖမ်းရာတွင် အသုံးပြုသည့် ၁၀ တောင်၊ ၁၂ တောင် သစ်ရိုင်းလှေခွံ ရှစ်စင်းနှင့် ငါးအစုံသုံးပိဿာတို့ကို သိမ်းဆည်းရမိသည်။ **(အောက်ပုံ)**

ထို့နောက် ပတ်ဝန်းကျင်ရှိ ရေလုပ်သားများအားစုစည်း၍ ငါးရစ်၊ ငါးသန်ငါးရှာဖွေမှုများမပြုလုပ်ကြရန်နှင့် တရားမဝင် ငါးဖမ်းနည်းများဖြင့် ငါးရှာဖွေခြင်း မပြုလုပ်ကြရန် ပညာပေးဟောပြောသည်။

**(မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန)**



# ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ချင်းပြည်နယ်၊ မတူပီမြို့နယ်၊ လိုင်လင်းပီ၊ အိမ်အမှတ်(အ/၉၁)တွင် ပါတီရုံးချုပ်တည်ရှိသော တိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးရေးပါတီ Ethnic National Development Party (ENDP) က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၈-၆-၂၀၁၀ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**တိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးရေးပါတီ Ethnic National Development Party(ENDP) ၏ အလံပုံစံ**



**တိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးရေးပါတီ Ethnic National Development Party(ENDP) ၏ တံဆိပ်ပုံစံ**

ENDP

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်



# မြမြင့်မိုရ်(ပခုက္ကူ-ချောက်-မကွေး) လူစီးသီးသန့် အမြန်ယာဉ်လိုင်းသစ်ဖွင့်

**ပခုက္ကူ ဇွန် ၈**

မြမြင့်မိုရ်(ပခုက္ကူ-ချောက်-မကွေး)လူစီးသီးသန့်အမြန်ယာဉ်လိုင်းသစ်ဖွင့်ပွဲကို ဇွန် ၃ ရက် နံနက် ၇နာရီက ပခုက္ကူမြို့ အဝေးပြေးကားကြီးကွင်းရှိ အဆိုပါယာဉ်လိုင်းရှေ့၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလွင်ကိုဦးက ယာဉ်လိုင်းသစ်ကို အမွှေးနံ့သာရည်ပက်ဖျန်းပေးကာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဇော်ဝင်းနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မျိုးလတ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

**လွယ်လင့်တကူ**

အဆိုပါ ယာဉ်လိုင်းသစ်မှာ ပခုက္ကူမှ မကွေးမြို့သို့ နေ့စဉ်နံနက် ၇နာရီတွင် ထွက်ခွာမည်ဖြစ်ပြီး လူတစ်ဦးလျှင် ကျပ် ၃၅၀၀ နှုန်းဖြင့် ပြေးဆွဲသွားမည်ဖြစ်ရာ ဒေသခံပြည်သူများ၊ ဝန်ထမ်းများ လွယ်လင့်တကူ ချောမောစွာ သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ (ဝ၇၀)



ဇွန် ၆ရက်က တာမွေမြို့နယ် ပျားရည်ကုန်းရပ်ကွက် စေတနာရှင်များစုပေါင်း၍ အခွမအကြိမ် မြောက် စာရေးကိရိယာပစ္စည်းများနှင့် ထောက်ပံ့ငွေများပေးအပ်ပွဲကို ရပ်ကွက်အောင်မြေမှာရုံ၌ ကျင်းပရာ အကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမောင်က ကျောင်းသူတစ်ဦးအား စာရေးကိရိယာပစ္စည်းများ ထောက်ပံ့ပေးအပ်စဉ်။ (၁၃၅)

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝမ်းလျှောဝမ်းပျက်ကြိုတင်ကာကွယ်ရေးစီမံချက်အရ ဆုံရပ်မြစ်ရေတင်ရေဂါလန် ၂၀၀၀၀ဆံ့ ရေသိုလှောင်ကန်တွင် ကျန်းမာရေးဝန်ထမ်းများ ဆေးခတ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကျန်းမာရေးမှူး-၂ ဦးဘိုလင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)





မေ ၁၁ ရက်က မုဒုံမြို့နယ် အတွင်းရှိ ကတုံးပေါ်ကျေးရွာ၊ ဘလောက်ညောင်ပိုင်းကျေးရွာ၊ ဝဲကလိကျေးရွာ၊ ကမာအုပ်ကျေးရွာ၊ ကင်းချောင်း ကျေးရွာများသို့ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းဝေ ဦးဆောင်သောအဖွဲ့ဝင်များက သောက်သုံးရေများလှူဒါန်းစဉ်။ (မြို့နယ်ပြန်/ဆက်)

**ယာဉ်မှတ်ပုံတင် လျှောက်ထားခြင်း**

ယာဉ်အမှတ် ဆ/၂၈၇မာဇဒါ B-360 P/U (4X2) R ယာဉ် လက်ဝယ်ရှိသူ ဒေါ်သိန်းဟန် ၁၂/စခန(နိုင်)၀၂၂၆၇၅ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ (ခရိုင်ရုံး)၊ ရန်ကုန်အနောက်ပိုင်း၊ရန်ကုန်မြို့။**

**အမည်ပြောင်း**

အဖ ဦးစိုင်းလုံပေါင်း၏ သမီး၊ ရန်ကုန်မြို့ ILBC Sec(I) G မှ မနန်းမိုဟွမ်ဆိုင်အား မနန်းမိုဟွမ်ဟု ပြောင်းလဲခေါ်ပါရန်။

**မနန်းမိုဟွမ်။**

**အမည်ပြောင်း**

အဖ ဦးစိုင်းလုံပေါင်း၏ သား၊ ရန်ကုန်မြို့ ILBC Pri(IV) D မှ မောင်စိုင်းဆိုင်ခမ်းလုံအား မောင်စိုင်းဆိုင်လုံခမ်းဟု ပြောင်းလဲခေါ်ပါရန်။

**မောင်စိုင်းဆိုင်လုံခမ်း။**

**ဖခင်အမည်မှန်**

မိုးကုတ်မြို့၊ အထက(၁)၊နဝမတန်းမှ မချောစုလှိုင်၏ ဖခင်အမည်မှန်မှာ ဦးဆန်းမင်းဦး ဖြစ်ပါကြောင်း။

**ဦးဆန်းမင်းဦး။**


Section A : 12-06-2010
Section B : 15-06-2010

Manual
Auto
Auto + Manual
500 VA ~ 20 KVA

ဆိုင်ခန်းပြောင်းရွှေ့ဖွင့်လှစ်ခြင်း

Future Engineer Generation
723365, 09 5155373

တွမ်းရှုတ်ပုံ

Offered Courses
Visual Design Course
AutoCAD for Building Design
Building Design Drawing : Theroy & Practice
3D Rendering & Animation for Building & Interior presentation
Interior Design Course

7K School of Design
76/1 Bo Aung Kyaw street, Yangon. tel: (951) 380 256, 380 329


9-6 (12).pmd 1 6/9/2010, 1:36 AM

# မနော်မြေမှာ သာတဲ့လ

သတင်းဆောင်းပါး – ဝင်းနိုင်(ဖန်းမော်) / စာမျက်နှာဖွဲ့စည်းမှု – စင်သန္တာသိန်း (မြန်မာ့အလင်း)

**ဖန်းမော် ဖွန် ၈**

ကချင်ပြည်နယ် ဖန်းမော်ခရိုင် ဖန်းမော်မြို့၌ နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းကို ၁၉၉၈ခုနှစ် နိုဝင်ဘာ ၁ရက်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ အဆိုပါကျောင်းသည် မူလက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန လက်အောက်ရှိ လက်မှုအတတ်ပညာ သင်တန်းကျောင်းဖြစ်ပြီး လူငယ်များကို စက်ဘီးပြင်၊ လက်သမား၊ ဆံပင်ညှပ် စသည်ဖြင့် အသက်မွေးဝမ်းကျောင်း အတတ်ပညာသင်ပေးခဲ့သည်။ နိုင်ငံတော်အနေဖြင့် ပိုမိုထိရောက်ကျယ်ပြန့်စေရန်နှင့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များအရေးကို ရှေးရှုပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးက နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်း (ဖန်းမော်)အဖြစ် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

သင်တန်းကျောင်းသည် ဖန်းမော်မြို့ ပေါက်ကုန်းရပ်ကွက်၌ တည်ရှိပြီး အကျယ်အဝန်း ၅ ဒသမ၃၈ ဧကရှိသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (ဖန်းမော်)ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များမှာ-

(၁) တိုင်းရင်းသားလူငယ်များ ပညာသင်ယူ တတ်မြောက်စေလျက် တိုင်းရင်းသားအချင်းချင်း ပိုမိုရင်းနှီးစည်းလုံး ချစ်ခင်ကာ ပြည်ထောင်စုစိတ်ဓာတ် ပြည့်ဝလာကြစေရန်။

(၂) တိုင်းရင်းသားလူငယ်များသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသော ဒို့တာဝန်အရေး(၃)ပါးကို သက်ဝင်ယုံကြည် ထိန်းသိမ်းစောင့်ရှောက်လာကြစေရန်။

(၃) တိုင်းရင်းသား လူငယ်များ၏ တိုင်းရင်းသားယဉ်ကျေးမှုနှင့် ရိုးရာ ဓလေ့ထုံးစံများကို သိရှိနားလည် ထိန်းသိမ်းသွားကြစေရန်။

(၄) နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူငယ်များ လူနေမှုအဆင့်မြင့်မားရေးအတွက် ဆောင်ရွက်လိုစိတ် ထက်သန်လာကြစေရန်။

(၅) အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် တည်ဆောက်ရာတွင် တိုင်းရင်းသားလူငယ်များ စွမ်းစွမ်းတမံ ပါဝင်လာကြစေရန်။

(၆) သင်တန်းကျောင်းဆင်း၍ ပညာများ တတ်မြောက်လျှင် မိမိဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို တွင်ကျယ်စွာဆောင်ရွက်ကြစေရန်တို့ ဖြစ်သည်။





နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်း (ဖန်းမော်) ကျောင်းဝင်းအတွင်း စိုက်ပျိုးထားသော မုန်လာဥစိုက်ခင်း။

## စိစစ်လက်ခံ

သင်တန်းကျောင်းသားများကို နှစ်စဉ် မေလဆန်းပိုင်းတွင် လက်ခံသည်။ နယ်စပ်ဒေသမှ မိဘမဲ့၊ ဖမဲ့၊ မိဘမဲ့ ချို့တဲ့သောမိဘမှ ပေါက်ဖွားပြီး ပညာသင်ယူနိုင်ရန် အခွင့်အလမ်းမဲ့သူ၊ ပညာသင်ကြားလိုစိတ်ရှိသူ တိုင်းရင်းသားစစ်စစ် လူငယ်များကို စိစစ်လက်ခံပေးလျက်ရှိသည်။ တိုင်းရင်းသား ဘာသာစကားကိုလည်း တတ်ကျွမ်းသူဖြစ်ရမည်။

## သင်ယူနိုင်

နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းတွင် ပညာရေးဌာနမှ ဖွင့်လှစ်ထားသော မူလတန်းကျောင်း(မူလွန်)ရှိသဖြင့် သင်တန်းသားများ ခုနစ်တန်းအထိ သင်တန်းကျောင်း ပရဝဏ်အတွင်း သင်ယူနိုင်ကြသည်။ ရှစ်တန်းမှ ၁၀တန်းအထိကိုမူ ပေါက်ကုန်းရပ်ကွက်၌ပင်ရှိသည့် ပညာရေးဌာန အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းသို့ ပို့ဆောင်ပညာသင်ယူစေသည်။ တက္ကသိုလ်ဝင်တန်း အောင်သွားလျှင်လည်း နွေကျောင်းပိတ်ရက်များတွင် သင်တန်းသားများ အသက်မွေးဝမ်းကျောင်း အတတ်ပညာအနေဖြင့် လက်သမားအတတ်၊ ဆံသဆံပင်ညှပ်အတတ်ပညာ ဖွင့်လှစ်သင်ကြားပေးသည်။ တိုင်းရင်းသားလူငယ် သင်တန်းသားများ ယဉ်ကျေးသိမ်မွေ့ လိမ္မာရေးခြားရှိလာစေရန် ဘာသာရေးစာပေ အဆုံးအမ လောကနီတိတို့ကို စနစ်တကျသင်ကြားပို့ချ မှတ်သားစေသည်။

## တာဝန်များထမ်းဆောင်

သင်တန်း စတင်ချိန်မှ ယနေ့အထိ ဘွဲ့/ ဒီပလိုမာ အသီးသီး ရရှိသွားကြပြီးဖြစ်သည်။ ဌာနဆိုင်ရာအသီးသီးတွင် တာဝန်များ ထမ်းဆောင်နေပါသည်။ သင်တန်းကျောင်း၏ သွန်သင်ထိန်းသိမ်းညွှန်ပြမှုများကြောင့် သက်ဆိုင်ရာနယ်ပယ်အသီးသီးတွင် နိုင်ငံ့ဝန်ထမ်းကောင်းများအဖြစ် ရပ်တည်နေကြပြီဖြစ်သည်။

## အားကြိုးမာန်တက်

နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များကို သင်တန်းသားများအဖြစ် လက်ခံရာတွင် ဖန်းမော်ခရိုင်အတွင်းသာမက နယ်ချင်းထိစပ်နေသည့် ရှမ်းပြည်နယ် မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ်မှ တိုင်းရင်းသားလူငယ်များပါ လက်ခံသည်။ သင်တန်းကျောင်းအနေဖြင့် လက်ခံပြီးသမျှ တိုင်းရင်းသားလူငယ်များ ပညာတတ်မြောက်စေရေး၊ လိမ္မာယဉ်ကျေးလာစေရေး၊ ပြည်ထောင်စုစိတ်ဓာတ်မွေးမြူထားရှိရေး၊ သင့်လျော်ရာနေရာ/ဌာနများတွင် နိုင်ငံ့တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်စေရေးတို့အတွက် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ ကြပ်မတ်ကူညီမှု၊ သက်ဆိုင်ရာဌာနများ ပူးပေါင်းဆောင်ရွက်မှုနှင့် သင်တန်းကျောင်း ဝန်ထမ်းများ အားကြိုးမာန်တက် ထမ်းဆောင်လျက် ရှိပါသည်။

## ပံ့ပိုးကူညီ

သင်တန်းကျောင်းအဖြစ် စတင်လွှဲပြောင်းယူစဉ်က အနေအထားထက် အဆောက်အအုံများ တိုးချဲ့ဆောက်လုပ်ခဲ့သည်။ သင်တန်းသားတစ်ဦးချင်း နေ့စဉ်ကျန်းမာရေးနှင့် ညီညွတ်စွာစားသုံးစေမှု၊ အေးချမ်းစွာပညာသင်ယူစေမှု၊ တစ်ကိုယ်ရေအသုံးအဆောင်များ၊ ကျောင်းသုံးစာအုပ်စာရေးကိရိယာများ ပြည့်စုံစေမှုတို့အတွက် နိုင်ငံတော်၏ အထောက်အပံ့၊ ဒေသဆိုင်ရာ အာဏာပိုင်နှင့် ဌာနဆိုင်ရာများ ပံ့ပိုးကူညီမှု၊ သင်တန်းကျောင်းစီမံမှုနှင့် စိုက်ပျိုးရေးလုပ်ငန်းတို့ကြောင့် အဆင်ပြေနေသည်။

## နိုင်ငံ့သားကောင်း

ကျောင်းစာသင်ချိန်၊ ကိုယ်ကာယကြံ့ခိုင်စေရေးလုပ်ရှားချိန်၊ စာကျက်ချိန်၊ စားသောက်ချိန်၊ အိပ်ချိန်၊ လိမ္မာယဉ်ကျေးမှုအတွက် သွန်သင်ပြသချိန်၊ သတင်းကြည့်ရှုချိန်၊ လေ့လာချိန်စသည်ဖြင့် အချိန်ကို အလဟဿ အဖြစ်မခံဘဲ သတ်မှတ်အချိန်ဇယားအတိုင်း၊ သင်တန်းကျောင်းနှင့် နည်းပြများက စနစ်တကျ ကြပ်မတ်ပါသည်။ သင်တန်းကျောင်းမှဆင်းသွားသော အများစုသည် စည်းကမ်းသေသပ်သော၊ လိမ္မာယဉ်ကျေးသော၊ တာဝန်သိတတ်သော နိုင်ငံ့သားကောင်း တိုင်းရင်းသားများဖြစ်သွားကြသည်။

## လေ့ကျင့်ပေး

နိုင်ငံတော်အကြီးအကဲ၏ အမြော်အမြင်ကြီးမားစွာ လမ်းညွှန်ခဲ့သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးကိစ္စအတွက် ဝန်ကြီးဌာနအနေဖြင့် တာဝန်ယူဆောင်ရွက်ခဲ့ရာတွင် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ဖန်းမော်မြို့နယ် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသည် သက်တမ်း၁၀နှစ်ကျော်တွင် ဒေသတွင်း တိုင်းရင်းသားလူငယ်များကို စနစ်တကျ လက်ခံတာဝန်ယူ လေ့ကျင့်ပေးလျက်ရှိသည်။ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များ ပူးပေါင်းမှုဖြင့် အဖိုးတန် နိုင်ငံ့သားကောင်းများ ဖြစ်လာကြစေရန်၊ ပြည်ထောင်စုစိတ်ဓာတ် ခိုင်မြဲစွာထားသည့်သူများ ဖြစ်လာကြစေရန်အတွက် ဤသင်တန်းကျောင်းမှ တာဝန်ယူ ထမ်းဆောင်လျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။ ။

### စားရိပ်သာ

နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်း (ဖန်းမော်)၏ စားရိပ်သာကို ဤသို့ တွေ့ရသည်။



နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (ဖန်းမော်) ကျောင်းဝင်းအတွင်း အောင်မြင်ဖြစ်ထွန်းနေသော ဘူးစင်နှင့် မုန်လာဥစိုက်ခင်း။

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တောင်သူလယ်သမားများသို့**

**မိုးစပါးကို အောင်မြင်စွာ စိုက်ပျိုးနိုင်ရေးနှိုးဆော်ချက်**

မုတ်သုံလေသည် ယခုအခါ မေ ၁၇ရက်နေ့တွင် မြန်မာနိုင်ငံအတွင်း စတင်ဝင်ရောက်ခဲ့ပြီး ဒေသအနှံ့ရွာသွန်းနေပြီဖြစ်ပါသည်။ လက်ရှိဖြစ်ပေါ်နေသည့် ရာသီဥတုနှင့်လျော်ညီစွာ တောင်သူလယ်သမားများအနေဖြင့် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်-

- ယခုအချိန်မှစ၍ ထယ်ရေးကို စောနိုင်သမျှစောစွာ ပြုပြင်ထားပါ။
- ရေလုံအောင် လယ်ကန်သင်းများကို သေချာစွာပြုပြင်ထားပါ။
- ရေသိုလှောင်၍ ရနိုင်သည့် လမ်းဘေးမြောင်းများ၊ ချိုင့်များ၊ ကန်များ စသည်တို့တွင် ရွာသမျှမိုးရေကို ရနိုင်သမျှ စုဆောင်းထားရှိနိုင်ရန် ကြိုတင်ပြင်ဆင်ထားပါ။
- ရေများများရရှိနိုင်သည့် နေရာများတွင် ကြိုတင်၍ စုပေါင်းပျိုးထောင်ထားပါ။
- ရေလိုအပ်ချက်နည်းသည့် သင့်တော်ရာပျိုးထောင်နည်းများဖြင့် ပျိုးထောင်ပါ။
- စပါးသက်တမ်းတိုစေနိုင်သည့် တိုက်ရိုက်အစေ့ချနည်းစနစ်ဖြင့် စိုက်ပျိုးပါ။
- ရေရရှိမှုအပေါ်မူတည်၍ ပျိုးသက်နည်းနည်းဖြင့်စိုက်ပျိုးပါ။
- သက်လတ်နှင့် သက်လျင်စပါးအထွက်ကောင်းမျိုးများကို ဦးစားပေးစိုက်ပျိုးပါ။
- ရေလေလွင့်ဆုံးရှုံးမှု မရှိစေရန် အမြဲဂရုစိုက်ပါ။
- အပင်ကြီးထွားမှုမြန်ဆန်စေရန်နှင့် လေလွင့်ဆုံးရှုံးမှုနည်းစေရန် ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာစနစ်တကျ ရောစပ်သုံးစွဲပါ။
- ပိုးမွှားရောဂါကြိုတင်ကာကွယ်ပါ၊ ကျရောက်ပါက နီးစပ်ရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် ဆက်သွယ်အကူအညီတောင်းပါ။

(ဖော်ပြပါအချက်များမှ အကူအညီများ လိုအပ်ပါက နီးစပ်ရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ သက်ဆိုင်ရာဌာနများနှင့် ဆက်သွယ်ဆောင်ရွက်ပါ။)

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

# ပဲခူးတိုင်း ၂၀၁၀-၂၀၁၁ ပညာသင်နှစ်
## ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

နေပြည်တော် ဇွန် ၈

ပဲခူးတိုင်း ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၃၀ရက် နံနက်ပိုင်းက တောင်ငူမြို့နယ်ခန်းမ၌ ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်လှမင်း တက်ရောက်၍ အမှာစကားပြောကြားပြီး တာဝန်ရှိသူတစ်ဦးက ကျောင်းအပ်နှံရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

**လက်ခံ**

ထို့နောက်အလှူရှင်များက စာရေးကိရိယာနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**ကျောင်းအပ်နှံရေး**

ထိုမှတစ်ဆင့်တိုင်းမှူးသည် အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်နှံရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**






# ဝန်ထမ်း သားသမီးများအား စာရေးကိရိယာများ ပေးအပ်

ပဲခူး ဇွန် ၆

မြန်မာ့သစ်လုပ်ငန်း ပဲခူးတိုင်း(အရှေ့) သစ်ထုတ်လုပ်ရေးဒေသများရှိ ဆင်ထိန်း ဝန်ထမ်းများ၏ သားသမီး ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းပွဲကို ဇွန် ၃ရက် နံနက်က ပဲခူးတိုင်း(တောင်ပိုင်း) သစ်ထုတ်လုပ်ရေးဒေသရုံး ပဲခူးမြို့၌ကျင်းပသည်။

**ပေးအပ်လှူဒါန်း**

အဆိုပါလှူဒါန်းပွဲတွင် ပဲခူးတိုင်း(အရှေ့) သစ်ထုတ်လုပ်ရေးမှ အငြိမ်းစား**(အပေါ်ပုံ)** ဝန်ထမ်းဦးဝေလင်းကကျောင်းသုံးပစ္စည်း များကို ကျောင်းသားကျောင်းသူ ၃၂၁ဦး တို့အား တစ်ဦးချင်း ပေးအပ်လှူဒါန်းသည်။ **(ဝ၆၀)**

# အခြေခံပညာ ဆရာ/ဆရာမများ ရေးဦးပြုစုခြင်း သင်တန်းဖွင့်

ရန်ကုန် ဇွန် ၈

ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် မွန်ပြည်နယ် ကြက်ခြေနီ ကြီးကြပ်မှုကော်မတီတို့၏ စီမံကြီးကြပ်မှုဖြင့် အခြေခံပညာ ဆရာ ဆရာမများ ရှေးဦးပြုစုခြင်း(နည်းပြ) သင်တန်း ဖွင့်ပွဲကို မေ ၁၁ ရက်က မော်လမြိုင်မြို့ရှိ အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

သင်တန်းဖွင့်ပွဲတွင် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဇော်လင်းထွန်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဒုတိယဌာနမှူး ဒေါ်ခင်ခင်ရှိန်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**သင်တန်းကာလ**

အဆိုပါ သင်တန်းသို့ မွန်ပြည်နယ် ၁၀မြို့နယ်ရှိ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များမှ ဆရာ ဆရာမ ၃၉ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# လင်းရောင်ခြည် စာကြည့်တိုက် လှိုင်းဘွဲ့မြို့ ပတ်ကျောကျေးရွာတွင်ဖွင့်

လှိုင်းဘွဲ့ ဇွန် ၂

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့ မြို့နယ် ပတ်ကျောကျေးရွာတွင် နိုင်ငံတော် မတည်ငွေနှင့် ကျေးရွာပြည်သူ ထည့်ဝင်ငွေဖြင့် တည်ဆောက်သော အလျား ပေ၃၀၊ အနံပေ ၂၀နှင့် အမြင့် ၁၂ ပေရှိ ကျပ်သိန်း ၃၀တန် လင်းရောင်ခြည်စာကြည့်တိုက် အဆောက်အအုံဖွင့်ပွဲကို မေ ၂၅ရက် မွန်းလွဲ ၂နာရီခွဲတွင်ကျင်းပရာ ရေးဦးစွာ စာကြည့်တိုက်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်သက်မောင်၊ ကျေးရွာစာကြည့်တိုက်ကြီးကြပ်မှု ကော်မတီဝင်ဦးဆွေငြိမ်း၊ ကျေးရွာရပ်မိရပ်ဖ ဦးကျော်ဖောဝါတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

**ပေးအပ်လှူဒါန်း**

ထို့နောက် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းက အဖွင့်အမှာစကား ပြောကြားပြီး ဒီတီအိတ်ချ်စလောင်းတစ်စုံ၊ သုတစာအုပ်၇၃အုပ်နှင့်သတင်းစာတစ်နှစ်စာ အတွက် လှူဒါန်းငွေကျပ် သုံးသောင်း၊ လှိုင်းဘွဲ့မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဖြူဖြူသီက ၂၁ လက်မရောင်စုံ ရုပ်မြင်သံကြား ပြစက်၊ ဂျာနယ်မျိုးစုံ ၁၅၀ တို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများ က လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**



# လူတစ်ဦး ကျွန်းတစ်ပင် စိုက်ပျိုးရေး ကျောက်တန်း၌ ရှင်းလင်းဆွေးနွေး

သန်လျင် ဇွန် ၅

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် သစ်တောဦးစီးဌာန ကျောက်တန်းနယ်မြေတွင် သစ်တောဝန်ထမ်းများက ၂၀၁၀-၂၀၁၁ခုနှစ် မိုးရာသီအတွင်း လူတစ်ဦး ကျွန်းတစ်ပင်စိုက်ပျိုးမည့် ပညာပေးဟောပြောပွဲများကို မေ ၁ရက်က ကျောက်တန်းမြို့နယ် ပါဒကြီးစံပြကျေးရွာနှင့်အေးမြသီတာရပ်ကွက်တို့၌ ကျင်းပသည်။

**ရှင်းလင်းဆွေးနွေး**

အစီအစဉ်အရ သက်ဆိုင်ရာကျေးရွာနှင့် ရပ်ကွက်ဥက္ကဋ္ဌများက အမှာစကား ပြောကြားပြီး တောအုပ်ကြီးဦးစောထွန်းက ကျွန်းပင်များ စိုက်ပျိုးရသည့် ရည်ရွယ်ချက်နှင့် စိုက်ပျိုးခြင်း နည်းစနစ်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။**(ဝဲပုံ)**

**(မြို့နယ် ပြန်/ဆက်)**



မေ ၂၈ရက်က ဆီဆိုင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၌ ကျင်းပသည့် ခရိုင်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် တောင်ကြီးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌဒေါ်သန်းအေး တက်ရောက် အဖွင့်အမှာစကားပြောကြားစဉ်။ (၀၁၅)

# ဘက်ထရီအသုံးပြု ငါးဖမ်းဆီးမှုမပြုရေး သံဖြူဇရပ်၌ မြေစိုက်ပိုစတာစိုက်ထူ ပညာပေး

သံဖြူဇရပ် ဇွန် ၁

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်) ၏ဦးဆောင်မှု မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနရုံး၏ ကြီးကြပ်မှုဖြင့် သံဖြူဇရပ်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက သံဖြူဇရပ်မြို့နယ် ဝါခရုစံပြကျေးရွာ၌ ရေလုပ်ငန်းရှင်များနှင့် ပြည်သူများအား ဘက်ထရီအသုံးပြု၍ ရှော့တိုက်ငါးဖမ်းနည်းဖြင့် ငါးဖမ်းဆီးမှု မပြုလုပ်ရေး တားမြစ်အသိပညာပေးသည့် မြေစိုက်ပိုစတာစိုက်ထူပွဲကို မေ ၂၀ရက်က ကျင်းပသည်။**(ယာပုံ)**

**ပညာပေးစာစောင်ဖြန့်ဝေ**

ထို့နောက် ဝါခရုစံပြကျေးရွာရုံး၌ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးလှမင်းဇော်နှင့် ကျေးရွာဥက္ကဋ္ဌဦးတင်တို့က ရေချိုငါးဖမ်း လုပ်ကိုင်သူများအား တားမြစ်ချက်နှင့် ပတ်သက်သည့် အသိပညာပေးဟောပြောပြီး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် နွေစပါးစံကွက်ရိတ်သိမ်းခြင်းကို မေ၉ရက်က လက်ဝဲဒက်ပြင်ရှည်အုပ်စု ဂန္ဓမာ(နတလ)စံပြကျေးရွာ ကွင်းအမှတ် (၂၇၀အီး) ဦးပိုင်အမှတ်(၆၉)ရှိ ဦးနီထွန်းအောင်ပိုင် လယ်မြေဧက ၆၀တွင် မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးအောင်ခင်ငြိမ်းနှင့် စိုက်ကြပ်အဖွဲ့ဝင်များ၊ မြေစာရင်းဝန်ထမ်းများက စံကွက်ရိတ်သိမ်းကြစဉ်။ (မြို့နယ် ပြန်/ဆက်)



**မြို့နယ် သတင်း ထွေလာ**



ရမည်းသင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ ရန်ကုန်-မန္တလေး ကားလမ်းဘေးဝဲယာရှိ ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်ရေး ဆောင်ရွက်ရာ ဒုတိယဦးစီးမှူး (သန့်) ဦးဆန်းလှိုင်ဦး ကြီးကြပ်ဆောင်ရွက်စဉ်။ (သတင်းစဉ်)

**မိုး သတိပြု**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

## ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

နေပြည်တော် ဇွန် ၈

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၇၃/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**နေပြည်တော်**

ကြေညာချက်အမှတ် (၇၃/၂၀၁၀)
၁၃၇၂ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်
(၂၀၁၀ပြည့်နှစ်၊ ဇွန်လ ၈ ရက်)

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ်၊ ရာဇသင်္ဂဟလမ်းနှင့် "စီ" လမ်းထောင့်၊ မြေကွက်အမှတ်(၅)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအား ၂၀၁၀ ပြည့်နှစ်၊ ဇွန်လ ၈ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ မှတ်ပုံတင်အမှတ်မှာ (၃၂)ဖြစ်ပါသည်။

**အမိန့်အရ**
**(ပုံ) ဝင်းကို**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

**နေပြည်တော် ဇွန် ၈**

နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပြုပြီးဖြစ်သော ပါတီများအနက် တိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးရေးပါတီ Ethnic National Development Party (ENDP) က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ကို ၂၀၁၀ခုနှစ် ဇွန် ၈ရက်တွင် လာရောက်လျှောက်ထားခဲ့သည်။

ယင်းသို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်လျှောက်ထားသည့် ပါတီ(၃၃)ပါတီအနက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၁၀ခုနှစ် ဇွန် ၈ ရက်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုလိုက်သည်။

ယနေ့အထိ နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် ဆက်လက်တည်ထောင်ခွင့် လျှောက်ထားသည့် ပါတီ (၄၂)ပါတီရှိပြီး နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်လျှောက်ထားသည့် ပါတီ (၃၃)ပါတီအနက် ပါတီ (၃၂)ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့်ပါတီများကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၈-၆-၂၀၁၀

| | | | | |
|---|---|---|---|---|
| မိုးကုတ်မြို့ | ၃ | ဒသမ | ၅၁ | လက်မ |
| ဘီးလင်းမြို့ | ၂ | ဒသမ | ၀၉ | လက်မ |
| ကော့ကရိတ်မြို့ | ၁ | ဒသမ | ၆၁ | လက်မ |
| သီပေါမြို့ | ၁ | ဒသမ | ၄၂ | လက်မ |
| ဟုမ္မလင်းမြို့ | ၁ | ဒသမ | ၃၈ | လက်မ |
| ဖန်းမော်မြို့ | ၁ | ဒသမ | ၂၂ | လက်မ |
| လားရှိုးမြို့ | ၁ | ဒသမ | ၁၀ | လက်မ |